မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၁၆)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည်အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတဦးမြင့်ဆွေ၏ နိုင်ငံတော်ဈာပနအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတဦးမြင့်ဆွေ၏နိုင်ငံတော်ဈာပနအခမ်းအနားအား ယနေ့နေ့လယ်ပိုင်းတွင် နေပြည်တော်၊ တပ်မတော်ဆေးရုံကြီးရှိ ငြိမ်းအေးဇရပ်နှင့် တပ်မတော်စစ်သင်္ချိုင်း (နေပြည်တော်)တို့၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်သည်။

အဆိုပါနိုင်ငံတော်ဈာပနအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး

**စာမျက်နှာ ၁၆ ကော်လံ ၁** ✭



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ယာယီသမ္မတ ဦးမြင့်ဆွေ၏ရုပ်ကလာပ်အား အလေးပြုစဉ်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ရုပ်ကလာပ်အား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက အလေးပြုကြစဉ်။

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၂ ရက်)

# လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဆီသို့

လူ့ဘဝအစတွင် လူငယ်များ၏အခန်းကဏ္ဍသည် အရေးကြီးသည့်အစိတ်အပိုင်းဖြစ်သည်။ လူတိုင်းမှာ အရွယ်သုံးပါးဖြင့် ဘဝခရီးကိုလျှောက်လှမ်းနေကြရသည်။ ပထမအရွယ်သည် ပညာသင်ကြားရမည့် အရွယ်အဖြစ်လည်းကောင်း၊ ဒုတိယအရွယ်သည် စီးပွားဥစ္စာရှာဖွေရမည့်အရွယ်အဖြစ်လည်းကောင်း၊ တတိယအရွယ်သည် တရားဘာဝနာပွားများအားထုတ်ရမည့်အရွယ်အဖြစ်လည်းကောင်း လောကနီတိကျမ်းတွင် ပြဆိုထားသည်။ အစကောင်းမှအနှောင်းသေချာဆိုသည့်အတိုင်း လူတိုင်းအတွက် ပထမအရွယ်သည် အစကောင်းရန်လိုအပ်ပေသည်။ အစမကောင်းခဲ့သော် မိမိဘဝအတွက်၊ နိုင်ငံတော်အတွက် မလှပသောနိဂုံးဖြင့် အနှောင်းမသေချာကာ အဆုံးသတ်ရမည်သာဖြစ်သည်။

လူငယ်ဘဝသည် အတန်းပညာများ၊ အသိပညာများ ဖြည့်ဆည်းထားရမည်ဖြစ်သည်။ အတန်းပညာရှိမှ အသိပညာနှင့်အတတ်ပညာရှိမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်မှာ လူငယ်များအပေါ် မေတ္တာအပြည့်အဝထားခြင်းဖြစ်သည်။ ပညာဉာဏ်နှင့်ဆင်ခြင်တုံတရားကင်းမဲ့ကာ ငယ်ငယ်ရွယ်ရွယ်နှင့် ဘဝကိုနိဂုံးချုပ်သွားသည့်အဖြစ်မျိုးကို မလိုလားသည့်အတွက်လည်း ပညာရေးကိုဦးစားပေးအဖြစ်သင်ယူစေခြင်းဖြစ်သည်။ ထို့ပြင် နိုင်ငံအတွင်းရှိလူငယ်များ အသိပညာ၊ အတတ်ပညာဖွံ့ဖြိုးတိုးတက်ပြီး ဗလငါးတန်နှင့်ပြည့်စုံကာ ယဉ်ကျေးလိမ္မာ၍ အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားစဉ်းစားနိုင်သည့်လူငယ်များ ထွက်ပေါ်လာစေရန်ဖြစ်သည်။

ထိုသို့ထွက်ပေါ်လာစေရေးအတွက် ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကိုဖွင့်လှစ်ကာ လူငယ်ကဏ္ဍတိုးတက်မြင့်မားရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ လူငယ်များ အသိပညာ၊ အတတ်ပညာနှင့်ပြည့်ဝနေမှသာ အနာဂတ်နိုင်ငံတော်အတွက် အားကိုးထိုက်သူများဖြစ်လာပေမည်။ နိုင်ငံတစ်နိုင်ငံကို ဦးဆောင်နိုင်ရေးမှာ ဘက်စုံ ထောင့်စုံ ကဏ္ဍစုံတွင် အသိပညာ၊ အတတ်ပညာများပြည့်ဝနေရမည်ဖြစ်သည်။ အထူးသဖြင့် မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်ရှိနေကြရမည်။ မိမိနိုင်ငံကို ပိုမိုတိုးတက်စေလိုစိတ်ရှိနေကြရမည်။ ကမ္ဘာတည်သရွေ့ မြန်မာရှိနေရမည်ဟူသော စိတ်ထားကို နှလုံးသားတွင် စွဲစွဲမြဲမြဲရှိနေရပေမည်။

နိုင်ငံတိုင်းတွင် လူငယ်များကိုပြုစုပျိုးထောင်လျက်ရှိကြသည်။ ထို့အတူ ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့်လည်း လူငယ်များကိုအလေးထားသောအားဖြင့် နှစ်စဉ် ဩဂုတ်လ ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အဖြစ် သတ်မှတ်ပေးထားသည်။ နှစ်စဉ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ဆောင်ပုဒ်များသတ်မှတ်ပြီး ကျင်းပလျက်ရှိရာတွင် ၂၀၂၅ ခုနှစ်အတွက်ဆောင်ပုဒ်မှာ **“လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဆီသို့”** ဟူ၍သတ်မှတ်ပေးထားသည်။ လူငယ်များဖွံ့ဖြိုးတိုးတက်နေမှသာ နိုင်ငံသည်လည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်သည်။

လူငယ်ဆိုသည်မှာ နိုင်ငံတော်၏အနာဂတ်ကို အလှဆင်သူများဖြစ်ပြီး နိုင်ငံအတွက်အလေးထားရင်းနှီးမြှုပ်နှံရမည့်ကြီးမားသောအရင်းအနှီးဖြစ်သည်။ လုပ်ငန်းတစ်ခုတိုးတက်ကြီးပွားခြင်းတွင် အရင်းအနှီးများစွာလိုအပ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း လူငယ်များသည် ကြီးမားသောအရင်းအနှီးဖြစ်သည်။ အရင်းအနှီးများလေလေ တိုးတက်ကြီးပွားလေလေဖြစ်သည်။ လူငယ်များအနေဖြင့် ပညာသင်ကြားရမည့်အရွယ်တွင် ပညာကိုတတ်မြောက်အောင်၊ ထူးချွန်စွာတတ်မြောက်အောင် သင်ကြားကြရမည်ဖြစ်သည်။ ပညာရေးလမ်းကြောင်းတွင် ထူးချွန်စွာလျှောက်လှမ်းနိုင်ရေးအတွက် အနှောင့်အယှက်အတားအဆီးများကိုလည်း ဆင်ခြင်တုံတရားဖြင့်သတိထားကာ ကျော်လွှားနိုင်ရမည်ဖြစ်သည်။

လူငယ်တိုင်းက “ငါသည် ပညာကိုတတ်မြောက်အောင်သင်ယူမည်၊ အသိပညာဗဟုသုတကိုကြွယ်ဝအောင်လေ့လာလိုက်စားမည်၊ သူများနိုင်ငံတွေတိုးတက်ထွန်းကားနေသလို ငါ့နိုင်ငံကိုလည်း တိုးတက်ကြီးပွားအောင် ငါဆောင်ရွက်မည်” ဟူသော စိတ်ကိုမွေးမြူကာ မိမိအတွက်၊ မိမိနိုင်ငံတော်အတွက်ဟူသော စိတ်ကောင်းစိတ်မြတ်ကို စဉ်ဆက်မပြတ်မွေးမြူနေရမည်ဖြစ်သည်။ ကျောင်းနေအရွယ်သည် ကျောင်းပညာရေးမှလွဲ၍ မိမိတက်လမ်းကို ပိတ်ပင်စေမည့်အရာမှန်သမျှကို မျက်ကွယ်ပြုနိုင်ရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များပြုစုပျိုးထောင်ရန်အတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ မူးယစ်ဆေးဝါးနှင့် အခြားဘေးဖြစ်စေတတ်သည့်အန္တရာယ်များကဏ္ဍ၊ အားကစားနှင့်အပန်းဖြေခြင်းကဏ္ဍ၊ အလုပ်အကိုင်နှင့်အခွင့်အလမ်းကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နိုင်ငံရေးကဏ္ဍ၊ စာပေ၊ အနုပညာနှင့်ယဉ်ကျေးမှုကဏ္ဍ၊ သုတေသနကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုကဏ္ဍ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေးကဏ္ဍ၊ ကျား၊ မ ညီမျှမှုကဏ္ဍ၊ လူ့အခွင့်အရေးကဏ္ဍ၊ နိုင်ငံတကာဆက်ဆံရေးကဏ္ဍဟူ၍ ကဏ္ဍ ၁၆ ရပ်ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာလူငယ်များအနေဖြင့် ဆန်းသစ်တီထွင်ဖန်တီးသူ၊ ဉာဏ်ရည်မြင့်မားသူ၊ ဝီရိယရှိပြီး ကြိုးစားအားထုတ်သူများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်သည်။ ထိုသို့စွမ်းအားရှိနေမှသာ နိုင်ငံသည်လည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဆီသို့ရောက်ရှိမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာပေးသင်တန်းဖွင့်လှစ်

ပဲခူး ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးဌာနကကြီးမှူးပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၌ ဩဂုတ်လ ၁၁ ရက် နံနက်ပိုင်းတွင် လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က ယခုဖွင့်လှစ်သည့် အိမ်တွင်းမှုသင်တန်းကို တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် အခြေခံကုန်ကြမ်းပစ္စည်းများကိုအသုံးချပြီး ကုန်ချော၊ ထုတ်ကုန်ပစ္စည်းများ တစ်နိုင်တစ်ပိုင်ထုတ်လုပ်ရာမှ အသေးစားလုပ်ငန်းများဖြစ်လာသည်အထိ ပိုမိုထုတ်လုပ်လာနိုင်ရန် ဆက်လက်ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုလုပ်ငန်းမှသည် အသေးစားလက်မှုလုပ်ငန်းဖြစ်သည်အထိ တိုးချဲ့လုပ်ကိုင်နိုင်အောင် ကြိုးစားကြရန်လိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆုသီရိအေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသောသင်တန်းသား၊သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်စကားပြောကြားကြသည်။

ယင်းနောက် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်နှင့် သင်တန်းဖွင့်ပွဲတက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းတွင် လက်တွေ့သင်ကြားပို့ချရန် ပြသထားသော သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းကို ဩဂုတ်လ ၁၁ ရက်မှ ၁၅ ရက်အထိဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား တိုင်းရင်းသား၊ တိုင်းရင်းသူ ၂၀ ဦးတက်ရောက်ကြောင်း၊ သင်တန်းတွင် အဝတ်လျှော်ဆပ်ပြာရည်ပြုလုပ်နည်း၊ ပန်းကန်ဆေးဆပ်ပြာရည်ပြုလုပ်နည်း၊ လက်ဆေးဆပ်ပြာရည်ပြုလုပ်နည်း၊ ရေချိုးဆပ်ပြာရည်ပြုလုပ်နည်း၊ ခေါင်းလျှော်ရည်ပြုလုပ်နည်း၊ လက်သန့်ဆေးရည်ပြုလုပ်နည်း၊ သဘာဝသစ်သီးများဖြင့်ပြုလုပ်သောဆပ်ပြာဆီပြုလုပ်နည်းတို့ကို ကျွမ်းကျင်နည်းပြသင်တန်းဆရာမများက စာတွေ့၊လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးနှမ်း ၂၂၁၃၂ ဧက စိုက်ပျိုးပြီးစီး

ကလေး ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးနှမ်း ၂၂၁၃၂ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

ကလေးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးနှမ်း ၂၄၇၇၉ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၂၂၁၃၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ကလေးမြို့နယ်၌ မိုးနှမ်းစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ် GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများရရှိခြင်းကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်သည်။

ကလေးမြို့နယ်၌ အထွက်နှုန်းကောင်းသည့် ဆီထွက်သီးနှံများ ယခင်ကထက် ပိုမိုစိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်း စားသုံးဆီဖူလုံလာမည်ဖြစ်သကဲ့သို့ ဆီဈေးနှုန်းတည်ငြိမ်ကျဆင်းစေမည်ဖြစ်ပြီး ဒေသခံတောင်သူများနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၈-၂၀၂၅ (အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄။ | ၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၅။ | ၁၆:၀၀ | ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း |
| ၆။ | ၁၉:၀၀ | **CGTN Nature အပိုင်း(၁၆)** |

## MWD Variety Channel

၁၂-၈-၂၀၂၅ (အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၅ | သိမှတ်ဖွယ်ရာသုတကမ္ဘာ |
| ၂။ | ၁၂:၅၀ | မှတ်တမ်းအစီအစဉ် |
| ၃။ | ၁၄:၄၅ | ဖတ်ပါ မှတ်ပါ လေ့လာပါ |
| ၄။ | ၁၆:၂၀ | ဥပဒေမှတ်စု |
| ၅။ | ၂၁:၀၅ | ကွယ်လွန်ထင်ရှားအနုပညာရှင်များ |

မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Iori KATO အား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM)၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Iori KATO အား ယနေ့ညနေပိုင်းက နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် IOM အနေဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်၍ အကူအညီများပေးအပ်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်လျက်ရှိသော IOM ၏ လုပ်ငန်းများ၊ မြန်မာအစိုးရနှင့် IOM တို့အကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများနှင့် လျောက်ဘေးသင့်ပြည်သူများကို အရေးပေါ် အကူအညီပစ္စည်းများ ပေးအပ်ခဲ့သည့် အခြေအနေများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။


အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM) မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Daihei Mochizuki နှင့် လုပ်သားများ ရွှေ့ပြောင်းခြင်းနှင့် ရွှေ့ပြောင်းသွားလာသူများ အကာအကွယ်ပေးခြင်းဌာနမှ အစီအစဉ်မန်နေဂျာ Mr. Christos Dorian တို့ တက်ရောက်ခဲ့ကြကြောင်းသိရသည်။


မြဝတီ

○ ကျောဖုံးမှအဆက်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေး နှိုးဆော်အပ်ပါသည်။




(မိုး/ဇလ)

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၁၁

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိတပ်ရင်း/တပ်ဖွဲ့များမှပြိုင်ပွဲဝင်အမျိုးသား/အမျိုးသမီးအသင်း ၃၁ သင်းဖြင့် ဩဂုတ်လ ၂၀ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၁၁**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၃-၈-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၀-၈-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄၄၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသော လူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန**
**(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၁

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### ဗိုလ်ကျမှုရောက်ခြင်း

၁၉၄၉ ခုနှစ် ဩဂုတ်လလောက်တွင် ကျွန်ုပ်သည် ရန်ကုန်သို့ ရက်ပေါင်း ၂၀ ကျော်ခန့် သွားနေခဲ့ရာ တော်သလင်းလရာသီဖြစ်သည်တစ်ကြောင်း၊ ကျွန်ုပ်လည်း မရှိသည်တစ်ကြောင်းကြောင့် ဘော်ဘီသည် အိမ်သို့ကပ်တော့သည်မရှိဘဲ အရပ်ထဲတွင် ထိုနယ်တစ်ဝိုက်၌ အရွေလိုက်လေတော့သည်။ ထိုအချိန်တွင် လေးနှစ်သားအရွယ်ရှိပြီဖြစ်၍ 'ခွေးလား' ကောင်းကောင်းမြောက်လျက်ရှိသည်နှင့် ယခင်နှစ်များကကဲ့သို့ သူကြောက်ရသောခွေးမရှိသဖြင့် ဗိုလ်ကျချင်တိုင်း ကျနေနိုင်၏။ ရန်ကုန်မှ ကျွန်ုပ် ပြန်ရောက်လာသောအခါတွင် ဘော်ဘီမှာ အိပ်ပျက်စားပျက်နှင့် အတော်ပိန်ချုံးလျက်ရှိလေပြီ။ သို့ရာတွင် 'ဆင်ပိန် ကျွဲလောက်' ဆိုသောစကားကဲ့သို့ တောင့်တောင့်တင်းတင်းရှိပါသေးသည်။ မစိုးက သုံးလေးရက်မျှ အိမ်သို့မပြန်ဘဲ လည်နေသောဘော်ဘီကို သုံးလေးပြတိုင်အောင် လိုက်လံခေါ်ယူရကြောင်း၊ လိုက်လာသော်လည်း ကျွေးသည်များကို မစားချင်စားချင်စားပြီးနောက် ပြန်ထွက်ပြေးကြောင်း ပြောပြလေသည်။ ကျွန်ုပ်ရောက်လာသောအခါ၌ ညအိပ်ည၌နေမလည်သော်လည်း သူ့အမြီး၌ ခွေးကိုက်သောအနာတစ်ခုရှိနေခဲ့လေပြီ။ ဘော်ဘီသည် ဝင်းမောင်တို့၏အိမ်၌ နေခဲ့ရကတည်းက သူ့ထက်အရိုးရင့်သောခွေးကြီးတစ်ကောင်နှင့် ခဏခဏကိုက်ရခြင်းကြောင့် အလေ့အကျင့်ရ၍ သူ၏ရှေ့ပိုင်းကို ထိအောင်မကိုက်နိုင်သဖြင့် နောက်ပိုင်းကို တခြားခွေးတစ်ကောင်က ဆွဲကိုက်ထားခြင်းဖြစ်ဟန်တူသည်။ ကျွန်ုပ်သည် အနာကို ဆေးထည့်ခြင်း၊ ဝမ်းချူပေးခြင်းအားဖြင့် ဘော်ဘီမှာ အတော်သက်သာလာခဲ့လေပြီ။

### ဘော်ဘီနှင့် တိုင်နီ

ဒေါ်စု၏သမက် ကာယဗလမောင်နေဝင်းသည် ခွေးချစ်တတ်သော ကျွန်ုပ်၏ဝါသနာကို သိသည်ဖြစ်၍ "ဦးလေးသိန်းကို ခွေးတစ်ကောင်ပေးရဦးမည်" ဟု ပြောဖူး၏။ သူ၏အိမ်၌ အယ်လ်ဖေးရှင်းတစ်စုံရှိ၍ ခွေးလေးရှစ်ကောင်မွေးသည်တွင် ကျွန်ုပ်အား ခေါ်သွား၍ ကြိုက်ရာခွေးလေးတစ်ကောင်ကို ရွေးယူစေရာ ကျွန်ုပ်သည် ခွေးထီးလေးတစ်ကောင်ကို ရွေးယူပြီး တိုင်နီ (Tiny) ဟု အမည်ပေးထား၏။ တိုင်နီရောက်လာသောအချိန်တွင် ဘော်ဘီမှာ ကျွန်ုပ်ပြုစုကုသမှုကြောင့် ကျန်းမာလုမတတ်ရှိနေလေပြီ။ တစ်နေ့သ၌ ကျွန်ုပ်သည် ပန်းကန်ပြားတစ်ချပ်စီတွင် နွားနို့၊ ဆိတ်ရိုးနှင့် ဆန်များရောကျိုထားသည့် ခွေးစာများကို ထည့်စေပြီးနောက် ကျွန်ုပ်ကိုယ်တိုင် စောင့်၍ကျွေး၏။ ပန်းကန်ပြားနှစ်ချပ်ကိုလည်း နီးကပ်စွာထားစေရာ ကျွန်ုပ်၏ရည်ရွယ်ချက်မှာ မလုမယက်၊ အနိုင်မကျင့်ဘဲ ကိုယ့်ပန်းကန်ပြားနှင့်ကိုယ် စားတတ်စေရန် ကျင့်ပေးခြင်းဖြစ်လေသည်။ သူတို့ကြောက်စေရန် (အထူးသဖြင့် ခွေးကြီးဖြစ်သော ဘော်ဘီကြောက်စေရန်) ကျွန်ုပ်၏လက်တွင် တုတ်တစ်ချောင်းကိုင်ထား၏။ တိုင်နီသည် အစားကြီးသောခွေးကြီးမျိုးဖြစ်၍ သူ့ဝေစုကို ကပျာကယာစားပြီး ဘော်ဘီအနီးသို့သွား၍ မျှော်၏။ လက္ခဏာမှာ ကျွန်ုပ်ကိုအားကိုးပြီး ချဉ်းကပ်ဝံ့ခြင်းဖြစ်သော်လည်း ဘော်ဘီကိုကြောက်သည်နှင့် သူ့အစာကို မနှိုက်ဝံ့ဘဲ မျှော်နေခြင်းဖြစ်ရပေမည်။ ကျွန်ုပ်ကလည်း ဘော်ဘီကို အလွန်သတိကြီးစွာနှင့် စောင့်ကြည့်လျက်ရှိ၏။ တိုင်နီသည် ဘော်ဘီ၏ ပန်းကန်တွင် အကန့်အသတ်အဖြစ်နှင့် တစ်ဖတ်နှစ်ဖတ်ကျန်နေသေးသော ဆိတ်ရိုးတုံးလေးများ၏



သွေးဆောင်မှုကြောင့် ရှေ့သို့တစ်လှမ်းတိုးလိုက်ရာ ဘော်ဘီက 'ဝေါင်း' ခနဲဟန့်ကာ တိုင်နီကို တစ်ချက်ဟပ်လိုက်ခြင်းနှင့် ကျွန်ုပ်က ဘော်ဘီ၏ကျောကို တုတ်နှင့်တစ်ချက်ချလိုက်ခြင်းတို့သည် တစ်ပြိုင်နက်ဆိုရမတတ် ကပ်၍ဖြစ်သောအခြင်းအရာများဖြစ်လေသည်။ ဘော်ဘီက တိုင်နီကို ဟပ်လိုက်ခြင်းသည် ထိပင်ထိသော်လည်း မနာကျင်လှ။ ကျွန်ုပ်က ဘော်ဘီ၏ကျောကို ရိုက်လိုက်ခြင်းသည်လည်း မပြင်းထန်လှ။ တိုင်နီကမူ 'ဂိန်' ခနဲ လန့်ထွက်ပြေးသော်လည်း ဘော်ဘီမူကား ကျွန်ုပ်၏တုတ်ချက်ကြောင့် မည်သို့မျှအသံမထွက်ဘဲ မျက်နှာညှိုး၍ကျသွား၏။ ကျွန်ုပ်သည် ခွေးတစ်ကောင်၏ ဤမျှလောက် ချက်ချင်းမျက်နှာညှိုးငယ်သွားခြင်းကို တစ်ခါမျှမမြင်ဖူးသဖြင့် တအံ့တသြဖြစ်သွား၏။ ကျွန်ုပ်ကြည့်နေစဉ် ဘော်ဘီသည် သူ့ပန်းကန်ထဲ၌ ကျန်ရှိနေသေးသော အရိုးနှစ်ဖတ်ကို မစားတော့ဘဲ သူ၏အိပ်ရာသို့သွား၍ ခွေလျက်နေပါတော့သည်။ ထိုအပြုအမူကို မစိုးကမြင်၍ "ဘော်ဘီ ဘာဖြစ်သွားတာလဲ" ဟုမေးရာ ကျွန်ုပ်က "နေပါစေကွာ" ဟု စိတ်ခုခုနှင့် ပြန်ပြောလိုက်သည်။

### ဆန္ဒပြတတ်သော ဘော်ဘီ

အမှန်ကိုဖော်ပြရလျှင် ကျွန်ုပ်သည် ဘော်ဘီ၏ သိတတ်သောသဘောကို ကြိုက်သော်လည်း ကျွန်ုပ် (သခင်) အပေါ်၌ ဆန္ဒပြရာရောက်သောအပြုအမူအတွက် စိတ်ခုတုတုဖြစ်မိပါသည်။ ကျွန်ုပ်ကလည်း မောင်နေဝင်းက စေတနာနှင့်ပေးသည့် ခွေးအဖိုးတန် (အယ်လ်ဖေးရှင်း) မျိုးဖြစ်သည့်အပြင် သင်ကြား၍ တတ်လွယ်လှသည်ဟု ကမ္ဘာကျော်ကြားသော ခွေးမျိုးဖြစ်သည့်အတွက်ကြောင့် တိုင်နီလေးကို ယုယုယယလုပ်မိ၏။ ဘော်ဘီသည် ထိုအပြုအမူကို မြင်ရသောအခါတိုင်း မျက်နှာညှိုးငယ်သွားခြင်းကို ကျွန်ုပ်မြင်ရ၏။ ကျွန်ုပ်က သူ့ကိုခေါ်သည့်အခါများတွင် ယခင်ကကဲ့သို့ ချက်ချင်းမလာဘဲ တစ်ခွန်းပြင် နှစ်ခွန်းခေါ်မှ လာလေတော့သည်။ ထိုနေ့မှစ၍ ဘော်ဘီသည် အစားအသောက်ဆုတ်ယုတ်ခြင်းကိုလည်း ကျွန်ုပ်သတိပြုမိ၏။ ကျွန်ုပ်သည် ဘော်ဘီ၏ အမူအရာပြောင်းလဲခြင်းကို သဘောကျသလိုလို၊ မကျသလိုလိုဖြစ်မိ၏။ ကျွန်ုပ်အပေါ်၌ ယုံမှားဖွယ်မရှိအောင် တွယ်တာခင်မင်ခြင်းကို သဘောကျသော်လည်း တိုင်နီကို အရေးတယူလုပ်ရချေမည်လောဟု ဝန်တိုဟန်ရှိသော သဘောထားကို မကြိုက်နိုင်ခြင်းဖြစ်ပါသည်။ ထိုနေ့က တိုင်နီအတွက်ကြောင့် သူ့၌ အရိုက်ခံရခြင်းကား မှန်ပါသည်။ သို့ရာတွင် ဤတစ်ကြိမ်မှအပ နောက်ထပ်၍ ကျွန်ုပ် ထိုသို့မပြုလုပ်မိစေဖို့ သတိပြုရန် ကျွန်ုပ်နားလည်ပါသည်။ မစိုးကမူ တိုင်နီကို ပြန်ပို့လိုက်ဖို့ အကြံပေးပါသေးသည်။ သို့ရာတွင် ကျွန်ုပ်ကလည်း ခွေးမျိုးကောင်းတစ်ကောင်ကို လက်လွှတ်ဖို့ခဲယဉ်းသည်တစ်ကြောင်း၊ ကျွန်ုပ်နှင့် တိုင်နီလေးမှာလည်း သံယောဇဉ်ကြိုးနှောင်ဖွဲ့လျက်ရှိနေကြပြီတစ်ကြောင်း၊ ခွေးတန်မဲ့လျက်နှင့် ဤမျှလောက် ဝန်တိုတတ်ရချေသလောဟု မခံချင်သည်တစ်ကြောင်းကြောင့် မစိုး၏အကြံကို လက်မခံခဲ့ချေ။ သို့ရာတွင် ဘော်ဘီရှေ့၌ တိုင်နီကို ပွတ်လားသပ်လားလုပ်ကာ ခင်မင်ကြင်နာမှု ဖော်မပြမိဖို့ကား သတိထားပါသည်။ သို့နှင့်လည်း ဘော်ဘီသည် တစ်နေ့တခြား အစားဆုတ်ယုတ်၍ ကြုံလှီလျက်ရှိလေပြီ။ စဉ်းစားစရာတစ်ချက်ရှိသည်မှာလည်း ဘော်ဘီသည် (မစိုးထင်သကဲ့သို့) ရင်ကွဲနာကျခြင်းသက်သက်မဟုတ်၊ အမြီး၌ ခွေးကိုက်သောဒဏ်ရာကလည်း အနာမကျက်သေးဘဲဖြစ်နေပါသည်။ ကျွန်ုပ်က အစာမကြေညက်၊ ရင်ပြည့်သည်ထင်၍ ကျွန်ုပ်ကိုယ်တိုင် ကြင်နာယုယစွာ ဝမ်းချူပေးသဖြင့် ခတ်သွားပြီး နေထိုင်ကောင်းလာသည့်အခါများတွင် ဘော်ဘီသည် ကျွန်ုပ်၏ ခြေထောက်များကို လျက်ခြင်းအားဖြင့် ကျေးဇူးတင်ခြင်း၊ ဝမ်းသာခြင်းတည်းဟူသော အမူအရာမျိုး ဖော်ပြပါသည်။ တစ်နေ့သ၌ ကျွန်ုပ်သည် ဘော်ဘီကို ဝမ်းချူပေး၍ ဝမ်းဗိုက်ထဲ၌ ရေပြည့်သည်နှင့်တစ်ပြိုင်နက် ဘော်ဘီက ဆင်းပြေး၏။ (သူကလေးသည် ဝမ်းချူသည်ဖြစ်စေ၊ အလိုအလျောက်ခတ်သွားခြင်း၊ ဆီးသွားခြင်းပြုသည့်အခါများ၌ဖြစ်စေ ကျွန်ုပ်တို့နေအိမ်အနီးအနား၌ မလုပ်တတ်ဘဲ အတော်ကလေးဝေးသောနေရာသို့ ပြေးသွားပြီးမှ လုပ်တတ်ခြင်းမှာ ငယ်ငယ်ကတည်းက ဝါသနာဖြစ်၏။) ထိုနေ့၌ ဝမ်းဗိုက်တွင်ရေပြည့်၍ ကျွန်ုပ်က လွှတ်ပေးလိုက်ရာတွင် အိမ်ပေါ်မှဆင်းပြေး၍ အိမ်ရှေ့သို့ရောက်သည်နှင့်တစ်ပြိုင်နက် ချာလပတ်လည်ပြီး လဲကျသွား၏။ ကျွန်ုပ်တို့လည်း အိမ်ပေါ်မှဆင်းပြေးကြ၍ အနီးသို့ရောက်ကြသည်တွင် ဘော်ဘီသည် ခြေလေးဖက်ကို အစွမ်းကုန်ဆန့်လျက် တစ်ချက်တည်း ဆတ်ဆတ်တုန်သွားခြင်းကို မြင်လိုက်ကြရပြီးနောက် အသက်ကုန်ပျောက်သွားရှာပါတော့သည်။

### ကျွန်ုပ်၏ ထူးဆန်းချက်တစ်ခု

အိမ်သားများ ငိုကြွေးကြသည်တွင် ကျွန်ုပ်ကိုယ်တိုင်လည်း မျက်ရည်များကျမိပါသည်။ ကျွန်ုပ်သည် မိခင်ကွယ်လွန်စဉ်ကလည်းကောင်း၊ ဖခင်အသက်ငင်ခြင်းကို မြင်ရစဉ်ကလည်းကောင်း မျက်ရည်မကျခဲ့ဘဲ အုပ်ပေါင်းသေခြင်းအကြောင်းကို ကြား၍ ဘော်ဘီအသက်ထွက်ခြင်းကို မြင်ရသောအခါများတွင်မှ မျက်ရည်ကြီးငယ်ကျရသည်ဆိုခြင်းမှာ ထူးဆန်းသည်ဟု မှတ်ထင်ကြဖွယ်ရှိသောကြောင့် ရှင်းလင်းဖော်ပြရပါဦးမည်။ ဤသည်မှာ ကျွန်ုပ် တရားအားထုတ်၍သိရခြင်း၏ အကျိုးအာနိသင်ဖြစ်ပါသည်။ ရှင်းပါဦးမည်။ **ဆက်လက်ဖော်ပြပါမည်။**

---

## ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး



နေပြည်သူများ၏ စွန့်ပစ်ပစ္စည်းများကို အမှိုက်သိမ်းမော်တော်ယာဉ်ဖြင့် နေ့စဉ် သိမ်းဆည်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။ **ဝင်းမြတ်(အထက်မင်းလှ)**

မင်းလှ ဩဂုတ် ၁၁

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ပြည်သူများ ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချရေးနှင့် အစားထိုး သုံးစွဲလိုက်နာဆောင်ရွက်မှုရှိစေရေး အသိပညာပေး ကြပ်မတ်စစ်ဆေးခြင်းကို ဩဂုတ်လ ၁၁ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဇေယျာသီရိဈေး၌ ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာဝန်ထမ်းများပူးပေါင်း၍ ဇေယျာသီရိဈေးရှိ ဈေးရောင်းချသူများအား အပတ်စဉ် တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ်အစား အင်ဖက်၊ ငှက်ပျောဖက်၊ စက္ကူ စသည့် သင့်တော်ရာဖြင့် အစားထိုးထုပ်ပိုးသုံးစွဲစေရေး ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် အသိပညာပေးနှိုးဆော်ခြင်းများဆောင်ရွက်ကြသည်။

မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပလတ်စတစ်သုံးစွဲမှုမရှိစေရေးနှင့် အစားထိုးသုံးစွဲလိုက်နာဆောင်ရွက်ခြင်းနှင့်အတူ ဒေသခံပြည်သူများ၏ ကျန်းမာရေးနှင့် ညီညွတ်စေရန် ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေ၏ နိုင်ငံတော်ရာပနအခမ်းအနားကျင်းပမှုမြင်ကွင်း



ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့်ရုပ်ကလာပ်အား စစ်ရေးပြအခမ်းအနားဖြင့် ရုပ်ကလာပ်တင်ဆောင်မည့်နေရာသို့ သယ်ဆောင်စဉ်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့်ရုပ်ကလာပ်အား တပ်မတော်စစ်သင်္ချိုင်း(နေပြည်တော်)သို့ ပို့ဆောင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ၈ ဦးက အမြောက်ယာဉ်ပေါ်သို့ သယ်ယူပို့ဆောင်စဉ်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့်ရုပ်ကလာပ်အား တပ်မတော်စစ်သင်္ချိုင်း(နေပြည်တော်)သို့ ပို့ဆောင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ၈ ဦးက အမြောက်ယာဉ်ပေါ်သို့ သယ်ယူပို့ဆောင်စဉ်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်ကိုတင်ဆောင်ထားသည့် အမြောက်တင်ယာဉ်နှင့်နိုင်ငံတော်ရာပနယာဉ်တန်းမောင်းနှင်လာရာလမ်းတစ်လျှောက်၌ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုများက ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် ဂါရဝပြုဦးညွှတ်နှုတ်ဆက်စဉ်။





ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်ကိုတင်ဆောင်ထားသည့် အမြောက်တင်ယာဉ်နှင့် နိုင်ငံတော်ရာပနယာဉ်တန်းမောင်းနှင်လာရာလမ်းတစ်လျှောက်၌ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုများက ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် ဂါရဝပြုဦးညွှတ်နှုတ်ဆက်စဉ်။





ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်ကိုတင်ဆောင်ထားသည့် အမြောက်တင်ယာဉ်နှင့် နိုင်ငံတော်ရာပနယာဉ်တန်းမောင်းနှင်လာရာလမ်းတစ်လျှောက်၌ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုများက ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် ဂါရဝပြုဦးညွှတ်နှုတ်ဆက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေ၏ နိုင်ငံတော်ရျာပနအခမ်းအနား ကျင်းပမှုမြင်ကွင်း



ယာယီသမ္မတ ဦးမြင့်ဆွေ၏ရုပ်ကလာပ်အား ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုဝင်များက ရှိခိုးကန်တော့ကြစဉ်။





ယာယီသမ္မတ ဦးမြင့်ဆွေ၏ရုပ်ကလာပ်အား မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံး၊ စစ်သံရုံးများမှ သံအမတ်ကြီးများနှင့် စစ်သံမှူးတို့က တစ်ဦးချင်းဂါရဝပြုကြစဉ်။

ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား ဂုဏ်ပြုအခမ်းအနား ကျင်းပမည့် နေရာသို့ ဂုဏ်ပြုစစ်ရေးပြဖြင့် ပို့ဆောင်ကြစဉ်။







# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

အုန်းလွင်လေး(သစ်တော)

**တောပင်ကို တော်တော်ခုတ်ကြပ့်**

**တောပြုတ်လိမ့် နောက်နောင်။**

**တောခုတ်လို့ တောပြောင်**

**မိုးခေါင်တော့မှာပဲ။**

**မိုးခေါင်လို့ ရေမကြွယ်**

**သဲပင်လယ် ဖြစ်လိမ့်မလွဲ။**

အမျိုးသားစာဆို ကဗျာဆရာကြီးဇော်ဂျီ၏ ကဗျာတစ်ပုဒ်မှဖြစ်သည်။ ၁၉၅၉ ခုနှစ် နို့ဝင်ဘာလထုတ် မြဝတီမဂ္ဂဇင်းတွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အလွန်ခေတ်ရှေ့ပြေးသောရေးသားဖွဲ့ဆိုချက်ဟုဆိုရမည်။ အမြော်အမြင်ကြီးမားစွာ သတိပေးနှိုးဆော်ခဲ့သည်ဟုလည်း ဆိုနိုင်သည်။

ယနေ့အချိန်တွင် ကမ္ဘာတစ်ဝန်း ရေကြီးခြင်း၊ ငလျင်လှုပ်ခတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြစ်ချောင်းများတိမ်ကောမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်လာခြင်း စသည်ဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကြောင့်ဖြစ်ပေါ်လာရသည့် ဘေးအန္တရာယ်များကို မကြာခဏရင်ဆိုင်ကြုံတွေ့နေကြရသည်။

မြန်မာနိုင်ငံ၌လည်း လွန်ခဲ့သည့်နှစ်က နိုင်ငံအတွင်း မုန်တိုင်းမိုးကြောင့် ရေကြီးရေလျှံမှုများကို ခါးသီးစွာ ခံစားခဲ့ရသည်။ ထို့အတူ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့်လည်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ များစွာဖြစ်ပေါ်ခဲ့ရသည်။ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများမှာ လူသားများကြောင့် ပျက်စီးမှုများရှိသကဲ့သို့ သဘာဝတရားကြီး၏ Climate Change ပြောင်းလဲမှုများကြောင့် ထိခိုက်မှုများလည်းရှိနေသည်။ ထို့ကြောင့် အသိဉာဏ်ရှိသည့် လူသားများအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယနေ့ကမ္ဘာ့လူသားများ၏ စားဝတ်နေရေးနှင့် အသက်ရှင်ရပ်တည်နိုင်ရေးကို အနှောင့်အယှက်မဖြစ်စေရန်၊ ကောင်းမွန်သောအနာဂတ်ကမ္ဘာကို နောင်လာနောက်သားများအတွက် ထားရှိပေးနိုင်ရန်တို့ကိုလည်း အလေးထားဂရုပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ သဘာဝကပေးထားသည့် စိမ်းလန်းစိုပြည်မှုများမပျက်စီးစေရန် လူသားများကပင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်လျော့နည်းလာသည့်အခါတွင်လည်း လူသားများကပင် ပြန်လည်ထိန်းသိမ်းဖန်တီးပေးရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်က ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၌ ပတ်ဝန်းကျင်ဆိုသည်မှာ "မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့ပါဝင်သည့် လူသားတို့ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာအကြောင်းအချက်များကိုလည်းကောင်း၊ တိရစ္ဆာန်နှင့် အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာအကြောင်းအချက်များကိုလည်းကောင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့်ပသာဒအလှအပဆိုင်ရာအကြောင်းအချက်များကိုလည်းကောင်းဆိုသည်" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

လူသားများ ဖန်တီးပြုလုပ်ထားခြင်းမဟုတ်ဘဲ သဘာဝအတိုင်းဖြစ်ပေါ်နေသည့် သဘာဝပတ်ဝန်းကျင်နှင့် လူတို့၏ပယောဂဖြင့်ဖန်တီးထားသော ပတ်ဝန်းကျင်တို့ပါဝင်သည်။ သဘာဝပတ်ဝန်းကျင်သည် သဘာဝတွင်သာတည်ရှိပြီး လူတို့ဖန်တီးထားသည့်ပတ်ဝန်းကျင်ကို လူ့ပတ်ဝန်းကျင်တွင် တွေ့ရမည်ဖြစ်သည်။

ပတ်ဝန်းကျင်တွင် ဤကမ္ဘာမြေ သို့မဟုတ် ကမ္ဘာမြေဝန်းကျင် သို့မဟုတ် ကမ္ဘာမြေအစိတ်အပိုင်းများရှိ တိရစ္ဆာန်၊ အပင်နှင့် သဘာဝသယံဇာတအရင်းအမြစ်များ စသည်တို့အပြင် လူတို့ဖန်တီးပြုလုပ်ထားသောအရာများပါဝင်သည့် သဘာဝသည် ဟန်ချက်ညီမျှနေမှသာ သဘာဝနှင့်လူသားအပါအဝင် သက်ရှိများရေရှည်တည်တံ့နေမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများ၏ လူမှုအဆင့်အတန်းမြင့်မားရေးအတွက် အခြေခံသည့်အကြောင်းများအနက် အရည်အသွေးကောင်းသည့်ပတ်ဝန်းကျင်နှင့် ပေါများကြွယ်ဝသည့် သဘာဝသယံဇာတပိုင်ဆိုင်မှုလည်းပါဝင်သည်။ ပတ်ဝန်းကျင်ကောင်းကို ထိန်းသိမ်း၍ ထိခိုက်မှုမရှိအောင် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ရမည်ဖြစ်သည်။ သို့မှသာ သဘာဝသယံဇာတများကို အရှည်သဖြင့် စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်စွမ်းရှိမည်ဖြစ်သည်။

ပတ်ဝန်းကျင်ထိခိုက်ပျက်စီးရသည့် အခြေခံအကြောင်းရင်းသည် လူနှင့်သဘာဝဘေးအန္တရာယ်များကြောင့်ဖြစ်ရာ ပတ်ဝန်းကျင်ကောင်းဖြစ်စေရန်အတွက် လူတို့ကပင် ဖန်တီးရမည်ဖြစ်သကဲ့သို့ ကောင်းမွန်သည့်ပတ်ဝန်းကျင်သည် သဘာဝဘေးအန္တရာယ်များကို တားဆီးပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံသားများသည် ဘိုးဘေးဘီဘင်တို့လက်ထက်ကပင် ဘဝပေးအသိဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအပေါ် အလေးထားခဲ့ကြသည်။ နမူနာတင်ပြပါအံ့။ ကျေးရွာတစ်ရွာတွင် သာမူနာမူကိစ္စအတွက် ကြော်လော်ရာတွင် ညှော်နံ့ကြောင့် ပတ်ဝန်းကျင်အနှောင့်အယှက်မဖြစ်အောင် ရွာပြင်လယ်ကွင်းစပ် လူသူနှင့်ဝေးရာနေရာတွင် ကြော်လော်ခြင်း၊ အိမ်နားနီးချင်းအိမ်များမှ ညှော်နံ့ကြောင့် ဘေးဥပဒ်မဖြစ်စေရေး တားဆီးကာကွယ်ရှောင်ရှားနိုင်ရန်အတွက် "ညှော် မယ် ဗျိုး"ဟု ကြိုတင်ဟစ်အော်သတိပေးခြင်းများရှိခဲ့သည်။

ကျောင်းသင်ခန်းစာများ၌ "အိမ် လမ်း ရွာ ကျောင်း၊ သန့်ရှင်းကြောင်း၊ စုပေါင်းအမှိုက်သိမ်း" ကဲ့သို့ ဖတ်မှတ်လွယ်သောကဗျာစာသားများဖြင့် ရှေးယခင်ကတည်းကပင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးခြင်းမျိုးကို အခြေခံပညာမူလတန်းအဆင့် သူငယ်တန်းကလေးများကို စတင်သင်ကြားခဲ့သည်။

မျက်မှောက်ခေတ်တွင် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်တက္ကသိုလ်ဖွင့်လှစ်ခြင်း၊ ပြည်ပနိုင်ငံများသို့ ပတ်ဝန်းကျင်ဆိုင်ရာ အထူးပြုဘာသာရပ်များ လေ့လာသင်ယူစေပြီး ပညာရှင်များ မွေးထုတ်ပေးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဖွဲ့စည်းခြင်းတို့ဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်။

ပြည်သူလူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် သန့်ရှင်းသောပတ်ဝန်းကျင်၊ ကောင်းမွန်သောဂေဟစနစ်တို့ကို ထိန်းသိမ်းရန်မျှော်မှန်း၍ နိုင်ငံတကာတွင် မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကိုချပြပြီး ပတ်ဝန်းကျင်ရေးရာများကို အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းအကြားတွင်လည်းကောင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ ပုဂ္ဂလိကတို့နှင့်ပူးပေါင်းဆောင်ရွက်မှုကိုလည်းကောင်းမြှင့်တင်ပြီး ထဲထဲဝင်ဝင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၅ အရ "နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရမည်" ဟု ပြဋ္ဌာန်းထားသလို ပုဒ်မ ၃၉၀ (ခ) အရ "နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းစောင့်ရှောက်ခြင်းကိစ္စရပ်တွင် နိုင်ငံတော်အားကူညီရန် တာဝန်ရှိသည်" ဟု ထည့်သွင်းပြဋ္ဌာန်းထားသည်။ အဆိုပါပြဋ္ဌာန်းချက်များမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံခန့်ခွဲမှုတွင် အမြင့်ဆုံးသော ကတိကဝတ်ကို ဖော်ပြနေခြင်းပင်ဖြစ်သည်။

**❖ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ခြင်းသည် ရာသီဥတုကို ညီညွတ်မျှတစေသည်။ ရာသီဥတု ညီညွတ်မျှတသော မြေဆီလွှာကောင်းသည် ကောက်ပဲသီးနှံတို့ကို ဖြစ်ထွန်းစေသည်။ စားရေရိက္ခာတို့ကို ပြည့်စုံစေသည်။ သစ်ပင်ပန်းမန်တို့ကို ဖူးချိန်တန်ဖူး ပွင့်ချိန်တန်ပွင့်ဖြင့် ရာသီစက်ဝန်းမှန်စွာ အကျိုးပြုစေသည်။ ဖြစ်ထွန်းအောင်မြင်စေသည်။ ကျေးငှက်သာရကာအပါအဝင် ဇီဝမျိုးစုံမျိုးကွဲတို့ကို ကြွယ်ဝစေသည်။ နွေးထွေးသောနေရောင်ခြည်၊ အေးမြသန့်စင်သော လေပြည်လေညင်းတို့ကို ဖြစ်ပေါ်စေသည်။ အပူအအေးလွန်ကဲမှုဖြစ်ပေါ်ခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း အစရှိသည့်သဘာဝဘေးတို့ကို လျော့ကျစေနိုင်သည်။ ကောင်းမွန်သောဂေဟစနစ်ဝန်ဆောင်မှုတန်ဖိုးကို အများအပြားပေးစွမ်း၍ လူတို့ကိုစိတ်ရွှင်လန်းစေ ကိုယ်ကျန်းမာစေသည်။ လူမှုစီးပွားဘဝများတိုးတက်လာစေ၍ လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားစေသည်။**

မြန်မာနိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို နိုင်ငံသားတိုင်းကိုလည်းပါဝင်စေရန် တာဝန်မျှဝေထားရာ နိုင်ငံသားတိုင်းကလည်း မိမိတို့၏ ပစ္စုပ္ပန်အနာဂတ်အကျိုးအတွက် ပတ်ဝန်းကျင်ဆိုင်ရာနိုးကြားတက်ကြွသော အသိများဖြင့် "ဥစ္စာရင်လို ဥစ္စာရင်ခဲ" စွမ်းဆောင်ရည်ပြည့်ဝစွာပူးပေါင်းပါဝင်ရန်လိုအပ်သည်။ လက်တွေ့အလုပ်များဖြင့် သက်သေထူကြရန်လည်း လိုအပ်လှသည်။

အလျှဉ်းသင့်၍ လူနှင့်ပတ်ဝန်းကျင်၌ ကောင်းမွန်သည့်အခြေအနေဖြစ်စေရန် ထင်ဟပ်ပုံဖော်နေသည့် ယခင်ပထမတန်း မြန်မာဖတ်စာပါ ပျဉ်းမနားမောင်နီသင်း ရေးစပ်သီဖွဲ့သည့် "ဆုတောင်း" ကဗျာလေးအား ကူးယူဖော်ပြလိုပါသည်။

**"ဆုတောင်း"**

စပါးဝါရွှေ ဝင်းပါစေ

ပန်းတွေ သင်းပါစေ၊

ငှက်ကလေးတွေ မိုးတိမ်ကြား

ပျံနိုင်ကြစေသား။

နေရောင်ခြည်လည်း ဖွေးပါစေ

လေပြည်အေးပါစေ၊

ချစ်မိတ်ဆွေ ပေါင်းဖော်များ

ကျန်းမာကြစေသား။

သဘာဝပတ်ဝန်းကျင်ကောင်းမွန်ခြင်းသည် ရာသီဥတုကို ညီညွတ်မျှတစေသည်။ ရာသီဥတု ညီညွတ်မျှတသော မြေဆီလွှာကောင်းသည် ကောက်ပဲသီးနှံတို့ကို ဖြစ်ထွန်းစေသည်။ စားရေရိက္ခာတို့ကို ပြည့်စုံစေသည်။ သစ်ပင်ပန်းမန်တို့ကို ဖူးချိန်တန်ဖူး ပွင့်ချိန်တန်ပွင့်ဖြင့် ရာသီစက်ဝန်းမှန်စွာ အကျိုးပြုစေသည်။ ဖြစ်ထွန်းအောင်မြင်စေသည်။ ကျေးငှက်သာရကာအပါအဝင် ဇီဝမျိုးစုံမျိုးကွဲတို့ကို ကြွယ်ဝစေသည်။ နွေးထွေးသောနေရောင်ခြည်၊ အေးမြသန့်စင်သော လေပြည်လေညင်းတို့ကို ဖြစ်ပေါ်စေသည်။ အပူအအေးလွန်ကဲမှုဖြစ်ပေါ်ခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း အစရှိသည့်သဘာဝဘေးတို့ကို လျော့ကျစေနိုင်သည်။ ကောင်းမွန်သောဂေဟစနစ်ဝန်ဆောင်မှုတန်ဖိုးကို အများအပြားပေးစွမ်း၍ လူတို့ကိုစိတ်ရွှင်လန်းစေ ကိုယ်ကျန်းမာစေသည်။ လူမှုစီးပွားဘဝများတိုးတက်လာစေ၍ လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားစေသည်။ ကောင်းမွန်သော ပတ်ဝန်းကျင်ကြောင့် နေရာဒေသအလိုက်ရှိ နိုင်ငံသားတစ်ဦးချင်းစီမှသည် မိသားစုတိုင်း၊ အဖွဲ့အစည်းတိုင်း ကိုယ်စိတ်ချမ်းသာကြလျှင်ဖြင့် နိုင်ငံတော်ကြီးလည်း အေးချမ်းသာယာလာမည်မှာ မလွဲကေန်ပင်ဖြစ်ပါသဖြင့် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ရေကိုကြည့်လျှင် စိတ်ကြည်လင်

အသက်ရှည်သူတို့၏ပတ်ဝန်းကျင်တွင် စီးဆင်းနေသောရေပြင်ကို တွေ့ရစမြဲဖြစ်သည်။ လေကောင်းလေသန့်ရှိသောနေရာမျိုးဖြစ်သည်။ မွန်းကျပ်ခြင်းကင်းသော ကွင်းပြင်သည် တစ်ဖက်တွင်ရှိပြီး ကျောထောက်နောက်ခံသဖွယ်ဖြစ်သော တောင်တန်းသည် အဝေးတစ်နေရာတွင် တွေ့မြင်နေရသည်။ တောင်ပေါ်မှ စီးဆင်းလာသော ရေနှင့် ကွင်းပြင်မှ ဖြတ်တိုက်လာသောလေတို့ ပေါင်းဆုံရာနေရာဖြစ်သည်။

ရေကို မြင်ရသောနေရာသည် အသက်ရှည်စေသည့်နေရာ၊ ရေစီးသံကို ကြားနေရသောနေရာသည် အသက်ရှည်စေသောအသံ၊ ရေကိုစိမ်ချိုးရခြင်းသည် အသက်ရှည်ခြင်းအကြောင်း၊ ကြည်လင်သောရေကို သောက်သုံးရခြင်းသည် ကျန်းမာခြင်း၏အကြောင်း၊ အေးမြသောရေကိုသောက်သုံးရခြင်းသည် အပူအပင်ကင်းခြင်းအကြောင်း၊ သန့်စင်သောရေကို သောက်သုံးရခြင်းသည် ခွန်အားကိုဖြစ်စေခြင်းအကြောင်းဟု ရှေးအယူအဆများသည် ယနေ့အထိမှန်ကန်နေမြဲဖြစ်သည်။

မြို့ပြ၏မွန်းကျပ်မှုများတွင် မည်မျှပင်ဝင်ငွေကောင်းပါစေ အသက်ရှည်ကျန်းမာရန်မလွယ်ကူနိုင်ပါ။ နေ့စဉ်တွေ့ကြုံနေရသည့် မော်တော်ယာဉ်နှင့် စက်ရုံများမှ ထုတ်လွှတ်သော ကာဗွန်အခိုးအငွေ့များ၊ ပိုက်နှင့်သွယ်တန်းထားသည့် ပိုးသတ်ဆေးခတ်ထားသောရေများ၊ လျှပ်စစ်ပစ္စည်းအသုံးအဆောင်များ၊ လက်ကိုင်ဖုန်းများ၊ တုန်ခါဆူညံသောအသံများကို တစ်နာရီခံစားရလျှင် ငါးမိနစ် အသက်တိုစေမည့်အကြောင်းအရာများဖြစ်သည်။

ထိုသို့သောနေရာ၌ နေထိုင်သူများသည် အလုပ်အားလပ်ချိန်တွင် မြို့ပြင်သို့ထွက်ပြီး လယ်ကွင်းပြင်၊ မြစ်ချောင်းရှိသောနေရာများသို့ အသက်ရှူရန်သွားသင့်သည်။ မြစ်ဆိပ်နှင့်နီးလျှင် မြစ်ဆိပ်သို့ သွားပြီး ရေလယ်တွင် သွားလာနေသောလှေ၊ သင်္ဘောများကိုကြည့်ခြင်းဖြင့် စိတ်ပူပန်မှုများကို လျော့ကျစေနိုင်သည်ဟု အဆိုရှိသည်။ ရေပြင်တွင် စီးမျောနေသောအရာကိုကြည့်လျှင် စိတ်ပူပန်မှုများကိုလျော့ကျစေသည်။ စိတ်တင်းကျပ်မှုများကို ပြေလျော့စေသည်။

တစ်ခါတစ်ရံ တကယ့်ရေပြင်မြစ်ဆိပ်ကိုမသွားရောက်နိုင်သည့်အခါ ပန်းချီကားထဲမှ ရှုခင်းကပင် စိတ်ကိုပေါ့ပါးလန်းဆန်းစေနိုင်သည်။

ပန်းချီပြပွဲတစ်ခုတွင် တွေ့ခဲ့ဖူးသော ပန်းချီကားတစ်ချပ်ကို အမှတ်ရမိသေးသည်။ ပန်းချီ ပန်းပုကျောင်းဆင်းသင်တန်းသားတစ်ဦး၏လက်ရာဖြစ်သည်။ မြစ်ကမ်းဆိပ်တစ်ခုတွင် အဝတ်လျှော်နေသူ မိန်းမတစ်ဦး၊ ရေချိုးနေသူကလေးငယ်နှစ်ဦးနှင့် ဝါးဖောင်များကို ရေးဆွဲထားသည်။ အလွန်အသက်ဝင်ပြီး သဘာဝကျသောရေဆေးပန်းချီကားဖြစ်သည်။

ရေပြင်ကိုမြင်ရသဖြင့် စိတ်ကိုနူးညံ့ပျော့ပျောင်းစေသည်။ သို့သော် စိတ်အားငယ်စေခြင်းကား မဟုတ်ပါ။ အမေရိကန်စစ်ဘက်ဆိုင်ရာ စိတ်ပညာသုတေသီတို့၏ လေ့လာတွေ့ရှိချက်များအရ မိမိကိုယ်မိမိသတ်သေသောစစ်သားများသည် မြေပြင်နှင့် သဲကန္တာရတို့တွင် တာဝန်ထမ်းဆောင်ရသူများဖြစ်လေ့ရှိပြီး ရေတပ်စစ်သင်္ဘောကြီးများနှင့် ပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်နေသူ သင်္ဘောသားများမှာ မိမိကိုယ်ကိုသတ်သေမှု အလွန်နည်းကြောင်း လေ့လာတွေ့ရှိရသည်ဟုဆိုသည်။ ဤသည်မှာ ရေပြင်မှပေးသော စိတ်ချမ်းသာမှုဖြစ်သည်။

စိတ်ပညာရှင်များ၏အဆိုအရ အပန်းဖြေခရီးထွက်ကြသူများအတွက် အသင့်လျော်ဆုံး၊ စိတ်ချမ်းသာမှုအပေးနိုင်ဆုံးနေရာမှာ ကမ်းခြေဟိုတယ်နှင့်အပန်းဖြေစခန်းများဖြစ်သည်။ မြန်မာနိုင်ငံတွင် ငွေဆောင်၊ ချောင်းသာ၊ မောင်းမကန်စသော အပန်းဖြေစခန်းများရှိသကဲ့သို့ ထိုင်းနိုင်ငံတွင်လည်း ပတ္တရား စသော ကမ်းခြေများသည် ကမ္ဘာလှည့်ခရီးသည်များ အလည်ပတ်ဆုံးပင်လယ်ကမ်းခြေများဖြစ်သည်။

စာရေးသူ၏မွေးရာဇာတိမြို့ငယ်လေးမှာ ရန်ကုန်တိုင်းဒေသကြီး အစွန်အဖျားမှ မြို့ငယ်လေးတစ်မြို့ဖြစ်သည်။ မြို့လယ်တွင် နှစ်ဖာလုံပတ်လည်ခန့်ကျယ်သည့် ရေကန်ကြီးရှိသည်။ တစ်မြို့လုံးက သောက်သုံးရေကို ထိုရေကန်ကြီးမှ လာခပ်ကြသည်။ ရေစည်လှည်းများနှင့် ရေခပ်သူ ပျိုဖြူများဖြင့် ညနေနေဝင်ချိန်တွင် စည်ကားလှသည်။ ကန်လယ်တွင် ကြာဖြူ ကြာနီပန်းများ ပွင့်လျက်ရှိသည်။ ငယ်စဉ်က နေဝင်ချိန်ကို ထိုကန်ပေါင်ပေါ်ထိုင်ပြီး ရေပြင်အရိပ်မှတစ်ဆင့်ကြည့်ရခြင်းကို အသက်ကြီးသောအခါ မကြာခဏသတိရမိပါသည်။

အဆုတ်ရောဂါ၊ နှလုံးရောဂါ၊ ပန်းနာရောဂါ စသည့်ရောဂါရှိသူများသည် အသက်ပြင်းပြင်းရှူသော လေ့ကျင့်ခန်းကို နှစ်ရှည်လများ မှန်မှန်ပြုလုပ်လျှင် ရောဂါလုံးဝပျောက်ကင်းသွားသူများ ရှိကြောင်း အထောက်အထားများလည်း ရှိသည်။

**"အဆုတ်ရောဂါ၊ နှလုံးရောဂါ၊ ပန်းနာရောဂါ စသည့် ရောဂါရှိသူများသည် အသက်ပြင်းပြင်းရှူသောလေ့ကျင့်ခန်းကို နှစ်ရှည်လများ မှန်မှန်ပြုလုပ်လျှင် ရောဂါလုံးဝပျောက်ကင်းသွားသူများရှိကြောင်း အထောက်အထားများလည်း ရှိသည်။**

**အသက်ရှူလေ့ကျင့်ခန်း ပြုလုပ်မည့်နေရာသည် ရေပြင်ကို မျက်နှာပြုပြီး လေတိုက်ခတ်သောအချိန်တွင် ပြုလုပ်လျှင် ပို၍ကောင်းသည်။ ရေပြင်မှ ဖြတ်သန်းတိုက်ခတ်လာသောလေသည် ပိုမိုအေးမြသန့်ရှင်းပြီး အဆုတ်မှ သွေးလှည့်အဖွဲ့ကို အားကောင်းစေသည်။ အောက်ဆီဂျင်ဓာတ်ကို အပြည့်အဝရရှိစေနိုင်သည်. . ."**

အသက်ရှူလေ့ကျင့်ခန်း ပြုလုပ်မည့်နေရာသည် ရေပြင်ကို မျက်နှာပြုပြီး လေတိုက်ခတ်သောအချိန်တွင် ပြုလုပ်လျှင် ပို၍ကောင်းသည်။ ရေပြင်မှဖြတ်သန်းတိုက်ခတ်လာသောလေသည် ပိုမိုအေးမြသန့်ရှင်းပြီး အဆုတ်မှ သွေးလှည့်အဖွဲ့ကို အားကောင်းစေသည်။ အောက်ဆီဂျင်ဓာတ်ကို အပြည့်အဝရရှိစေနိုင်သည်။

အသက်ရှူလေ့ကျင့်ပေးသောဆရာများ၏အဆိုမှာ အသက်ကို ခပ်ပြင်းပြင်းရှူသွင်းပြီး ခေတ္တမျှအောင့်ထားပါ။ ပြန်ထုတ်သောအခါ ပါးစပ်ဟပြီး လေကုန်အောင် ပြန်ထုတ်ပါ။ ရှူလျှင် နှာခေါင်းဖြင့်အားပါးတရရှူပြီး ပြန်ထုတ်လျှင် ပါးစပ်မှ ပြန်ထုတ်ရမည်ဟုဆိုလိုသည်။

ဤအသက်ရှူနည်းကို မှန်မှန်တစ်လခန့်ပြုလုပ်ပြီးသောအခါ နှလုံးနှင့်ရင်ဘတ်အောင့်သူ၊ အမောရောဂါရှိသူ၊ ရင်ကျပ်ရောဂါရှိသူများ ကောင်းစွာသက်သာသွားကြောင်း သိရသည်။

အသက်ရှူလေ့ကျင့်ခန်း ပြုလုပ်သောအချိန်မှာ နံနက်စောစော နေထွက်ခါစအချိန်တွင် ပို၍ကောင်းသည်။ ညနေပိုင်းအချိန်တွင်လည်း ပြုလုပ်နိုင်သည်။ အသက်ရှူလေ့ကျင့်ခန်း ပြုလုပ်ချိန်တွင် တင်းကျပ်သော အင်္ကျီ၊ ဘောင်းဘီများ မဝတ်ဆင်ဘဲ ပွ၍ချောင်ချိသော အဝတ်အထည်များ၊ ချည်ထည်များ ဝတ်ဆင်ခြင်းက ပို၍ကောင်းသည်။

ရှေးက ယောဂီများသည် ရေဆိပ်၊ မြစ်ဆိပ်ရှိ သစ်ပင်ကြီးများအောက်တွင် တင်ပျဉ်ခွေထိုင်ပြီး အချိန်ကြာမြင့်စွာ ရေကသိုဏ်းရှုသည်ဟု ဖတ်ခဲ့ဖူးသည်။ ရသေ့ကြီးများမှာလည်း ဤနည်းကို ကျင့်ကြံကြကြောင်း တွေ့ရသည်။ ဤနည်းသည် နိဗ္ဗာန်ရောက်ကြောင်း သမထနည်းမဟုတ်နိုင်ပေ။ ယောဂ ခေါ် ကျင့်စဉ်များနှင့်တူသည်။ ဝိဇ္ဇာလိုင်းကျင့်စဉ်တချို့တွင်လည်း ရေကသိုဏ်းရှုနည်းရှိသည်။ အသက်ရှည်အောင်၊ အနာမဲ့အောင်ကျင့်ကြံသောနည်းလမ်းများဖြစ်သည်။

ရေသည် အရောင်၊ အဆင်း၊ အနံ့၊ အရသာမရှိဟုဆိုသည်။ မူလဓာတ်မှာ သီတဓာတ်ဖြစ်သဖြင့် အအေးကိုပေးသည်မှာ အမှန်ပင်ဖြစ်သည်။ အပူမှန်သမျှကို အအေးဓာတ်ဖြင့် ငြိမ်းနိုင်သည်။ အေးသောအရာကိုမြင်ရုံမျှဖြင့် စိတ်ထဲတွင် အေးချမ်းမှုရရှိစေမည်ဖြစ်သည်။

လောကသဘာဝ အလုပ်တာဝန်ဝတ္တရားအမျိုးမျိုးတို့၏ဒဏ်ကြောင့် စိတ်ဖိစီးမှုများရှိသောအခါ စိတ်ဖြေလျော့မှုပြုလုပ်ပေးရန်လိုအပ်သည်။ အပန်းဖြေရန်လိုအပ်သည်။ မွန်းကျပ်မှုမှ ထွက်ပေါက်ပေးရန် လိုအပ်သည်။ ထိုသို့ ထွက်ပေါက်မပေးနိုင်သည့်အခါ ပေါက်ကွဲမှုဖြစ်တတ်သည်။ ဒေါသကြောင့် ပူလောင်မှုဖြစ်ရတတ်သည်။

ထိုသို့ဖြစ်ရသောအခါမျိုးတွင် အပူသောကများ ဖြေလျော့စီးမျောသွားစေရန် အကြံပေးလိုသည်မှာ မြစ်ဆိပ်၊ ချောင်း၊ ရေကန် စသည်တစ်ခုခုသို့သွားပါ။ ရေပြင်ကိုကြည့်ပါ။ မိမိအပူအပင်သောကမီးမှန်သမျှ ထိုရေပြင်ထဲသို့ ပစ်ချလိုက်သည်ဟု စိတ်ကမှတ်ယူကြည့်ပါ။ ကြည်လင်သောရေပြင်သည် သင့်စိတ်ကို ကုစားနိုင်သည့် ကြေးမုံပြင်တစ်ချပ်ဖြစ်လာပါလိမ့်မည်။

ကြည်လွင်မြင့်(မုဒြာ)

# ကော့သောင်းမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းဖွင့်ပွဲကျင်းပ



ကော့သောင်း ဩဂုတ် ၁၁

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘန်းကချွန်ကျေးရွာအုပ်စု(၁၄)မိုင်ကျေးရွာ၌ ဖွင့်လှစ်မည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု သင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၁၁ ရက်တွင် ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက်ရှိ ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကော့သောင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနိုင်လင်းထက်က အဖွင့်အမှာစကားပြောကြားပြီး ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာဝင်းက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ယင်းနောက် ကော့သောင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိုးထက်အောင်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းနှင့်ပတ်သက်၍ ပြောကြားပြီး ကော့သောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာဝင်းက သင်တန်းသူများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ကော့သောင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘန်းကချွန်ကျေးရွာအုပ်စု (၁၄)မိုင်ကျေးရွာမှ ရပ်မိရပ်ဖများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြောင်း သိရသည်။

ချမ်းမြေ့

# အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးဇော်ဦး ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဩဂုတ် ၁၁

အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ဦးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်တွင် တီဟီရန်မြို့ရှိ သမ္မတနန်းတော်၌ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

မြဝတီ

# ၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

နေပြည်တော် ဩဂုတ် ၁၁

၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မိတ္ထီလာတပ်နယ်အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။



၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲအဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားစဉ်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၇ သင်းဖြင့် ဩဂုတ်လ ၂၀ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပွင့်လန်းသာယာ လန်ချန်း - မဲခေါင်ဂေဟာ ရုပ်သံမှတ်တမ်းအစီအစဉ် ရိုက်ကူးမည့် တရုတ်နိုင်ငံ ကွမ်ရှီးရုပ်သံရိုက်ကူးရေးအဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၁

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် တရုတ်နိုင်ငံ နန်နင်းမြို့ ကွမ်ရှီးအသံလွှင့်နှင့်ရုပ်မြင်သံကြားတို့ ပူးပေါင်းပြီး ပွင့်လန်းသာယာ လန်ချန်း-မဲခေါင်ဂေဟာ ရုပ်သံမှတ်တမ်းအစီအစဉ်ကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ရိုက်ကူးကြမည်ဖြစ်သည်။ အဆိုပါရုပ်သံမှတ်တမ်းအား ပူးပေါင်းရိုက်ကူးမည့် တရုတ်နိုင်ငံ ကွမ်ရှီးအသံလွှင့်နှင့်ရုပ်မြင်သံကြားဌာနမှ ညွှန်ကြားရေးမှူး မစ္စတာ Yang Chun ဦးဆောင်သည့် အဖွဲ့ဝင်ခုနစ်ဦးပါအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်)မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ကွမ်ရှီးအသံလွှင့်နှင့် ရုပ်မြင်သံကြားဌာနတို့ ပထမဦးဆုံးအကြိမ်ပူးပေါင်း၍ စီစဉ်ရိုက်ကူးကြမည်ဖြစ်ပြီး မဲခေါင် - လန်ချန်း ခြောက်နိုင်ငံတို့ အတူတကွပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြစ်သကဲ့သို့ တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို ဖော်ပြနိုင်ရန်အတွက် စီစဉ်ရိုက်ကူးခြင်းလည်းဖြစ်ကြောင်း၊ အဆိုပါလာရောက်သည့်ရိုက်ကူးရေးအဖွဲ့သည် တရုတ်နိုင်ငံတွင် လုပ်ငန်းထူးချွန်မှု အမြင့်ဆုံးဆုရရှိထားပြီး နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ရိုက်ကူးကြမည်ဖြစ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်သံအမတ်ကြီးတို့နှင့်လည်း တွေ့ဆုံမေးမြန်းရိုက်ကူးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံမီဒီယာတို့ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍအသစ်တစ်ခုဖြစ်ကြောင်း သိရသည်။

မြဝတီ

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် လက်ဝှေ့နှင့် အလေးမအားကစားသမားများ၏လေ့ကျင့်နေမှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုအားပေး



နေပြည်တော် ဩဂုတ် ၁၁

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်(၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည့် လက်ဝှေ့နှင့်အလေးမအားကစားသမားများ၏လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လက်ဝှေ့လေ့ကျင့်ရေးရုံ၌ ပဏ္ဍာမလက်ရွေးစင်လက်ဝှေ့အားကစားသမားများ၏နည်းစနစ်ပိုင်းနှင့် သက်လုံပိုင်းဆိုင်ရာလေ့ကျင့်နေမှုများကိုကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အလေးမလေ့ကျင့်ရေးရုံ၌ ပဏ္ဍာမလက်ရွေးစင် အလေးမအားကစားသမားများ၏ ဝိတ်တန်းများအလိုက် နည်းစနစ်ပိုင်းဆိုင်ရာ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး နေ့အလိုက် ရေးဆွဲထားသည့် Training Program များအတိုင်း နည်းပြများက စနစ်တကျလေ့ကျင့်သင်ကြားရန်၊ အောင်မြင်မှုအခြေခံဖြစ်သော **စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းအား၊ စည်းလုံးမှု၊ စံချိန်၊ စံညွှန်း၊ စံနှုန်း** စသည့် **“စ”ခုနစ်လုံး**နှင့် ပြည့်စုံကောင်းမွန်အောင် ကြိုးစားလေ့ကျင့်ရန်၊ နည်းပြများအနေဖြင့် အားကစားသမားများ၏ အားနည်းချက်၊ အားသာချက်များကိုလေ့လာသုံးသပ်ပြီး ပြုပြင်ပြောင်းလဲလေ့ကျင့်သင်ကြားရန်နှင့် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားသားနည်းပြနှင့် အားကစားအထောက်အကူပြုပစ္စည်းလိုအပ်နေမှုများကိုဖြည့်ဆည်းပေးမည်ဖြစ်ပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိအောင် ကြိုးစားလေ့ကျင့်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“နိုင်ငံတစ်ခုရဲ့ လူသားအရင်းအမြစ်ဆိုတာကို နားမလည်ဘဲ ဆရာ၊ ဆရာမတွေကို အဓိကထားခြိမ်းခြောက်သတ်ဖြတ်နေတဲ့ တော်လှန်ရေး”** ခေါင်းစဉ်ဖြင့် ၁၃-၈-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“လုံးပါးပါးသွားတော့မယ့် NUG ဦးဆောင်တဲ့ မုဒိမ်းကျင့်၊ လူသတ်၊ ဆက်ကြေးကောက်တဲ့ တော်လှန်ရေး”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အခြေခံပညာ ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်းအမှတ်စဉ်(၈၀)သင်တန်းဖွင့်ပွဲကျင်းပ





**နေပြည်တော်  ဩဂုတ်  ၁၁**

အခြေခံပညာ ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်းအမှတ်စဉ် (၈၀)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်နှင့်တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ်သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသော နိုင်ငံတော်တည်ဆောက်ရာတွင် ပညာရေးသည် အခြေခံလိုအပ်ချက်ဖြစ်၍ ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကိုရှေးရှုပြီး ကဏ္ဍအလိုက်၊ အဆင့်အလိုက် မိမိတို့၏ ပညာရေးလုပ်ငန်းတာဝန်များကို စွမ်းရည်ထက်မြက်စွာ တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့်ပေါင်းစပ်ပြီး နိုင်ငံတော်အတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်မွေးထုတ်နိုင်စေရန် လေ့ကျင့်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်နှင့် ယုံကြည်ချက်ခိုင်မာအားကောင်းပြီး နိုင်ငံ့ဝန်ထမ်းကောင်း ဆရာ၊ ဆရာမများဖြစ်အောင် ပြုမူနေထိုင်ကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၉၆ ဦး၊ သင်တန်းသူ ၃၈၇ ဦး စုစုပေါင်း ၄၈၃ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ကြာမြင့်မည်ဖြစ်သည်။

ဆက်လက်၍ အဖွဲ့ဝင် ဦးဆန်းမြင့်သည် တက္ကသိုလ်စစ်ရေးပြကွင်း၌ အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၀၃)နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၁၁၃)တို့မှ သင်တန်းသား၊ သင်တန်းသူများ၏ သင်တန်းဆင်းစစ်ရေးပြလေ့ကျင့်နေမှုကိုလည်းကောင်း၊ တက္ကသိုလ်ရှိ အသားစားကြက်ခြံတွင် သင်တန်းရိက္ခာအတွက် အသားစားကြက်များ မွေးမြူထားရှိမှုကိုလည်းကောင်း၊ သင်တန်းရိက္ခာအတွက် တက္ကသိုလ်မှ စိုက်ပျိုးထားရှိသော ရာသီသီးနှံများနှင့် သင်တန်းအိပ်ဆောင်အလိုက် သင်တန်းသူ၊ သင်တန်းသားများ စိုက်ပျိုးထားရှိသည့် ရာသီသီးနှံစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ ညနေပိုင်းတွင် အရာထမ်းငယ်သင်တန်းအမှတ်စဉ် (၁၀၃)မှ သင်တန်းသူများထားရှိသည့် စံပယ်ဆောင်သို့သွားရောက်၍ သင်တန်းသူများနှင့်အတူ ညနေစာသုံးဆောင်ခဲ့ကြောင်း သိရသည်။

**မြဝတီ**


# အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ် ယှဉ်ပြိုင်မှုများအား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော်  ဩဂုတ်  ၁၁**

(၁၃)ကြိမ်မြောက် အာဆီယံအမျိုးသမီးတံခွန်စိုက် ဘောလုံးပြိုင်ပွဲများအား ဩဂုတ်လ ၆ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိရာ အဆိုပါပွဲစဉ်များအနက် မြန်မာအမျိုးသမီးဘောလုံးလက်ရွေးစင်အသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီးဘောလုံးလက်ရွေးစင်အသင်းတို့သည် ဩဂုတ်လ ၁၃ ရက် ည ၇ နာရီအချိန်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ ည ၆ နာရီ ၄၅ မိနစ်မှစတင်၍ MRTV Entertainment Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

**မြဝတီ**




# ရေကြီးမှုအခြေအနေ

**နေပြည်တော်  ဩဂုတ်  ၁၁**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ လက်မခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခွဲခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် ဘားအံမြို့နယ်နှင့်မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

# ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲကျင်းပ

**ဓနုဖြူ  ဩဂုတ်  ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် အမှတ် (၃၃) စက်မှုလယ်ယာစခန်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင်ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မအူပင်ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ် (၃၃)စက်မှုလယ်ယာစခန်းမှနည်းပြဆရာများ၊ သင်တန်းသားများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။



အဆိုပါသင်တန်းကို ဩဂုတ်လ ၁၁ ရက်မှ ၂၂ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၄ နာရီအတွင်း သင်ကြားပို့ချပေးလျက်ရှိပြီး သင်တန်းသား ၂၅ ဦး တက်ရောက်လျက်ရှိကြောင်းသိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

➤ ကျောဖုံးမှအဆက်

မြို့နယ်အတွင်းရှိ အကျိုးဆောင်တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်စပါးများစိုက်ပျိုး၍ အထွက်နှုန်းများတိုးစေရေးအတွက် စိုက်ပျိုးနည်းစနစ်၊ သဘာဝမြေဩဇာသုံးစွဲမှုစနစ်မှန်ကန်စေရေး၊ ပိုးမွှားအန္တရာယ်ကြိုတင်ကာကွယ်ရေးစသည့် နည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများအချိန်မီစိုက်ပျိုးနိုင်ရေးနှင့် မိုးစပါးစိုက်ပျိုးမှုလျာထားချက် ပြည့်မီကျော်လွန်စေရေး တာဝန်ရှိသူများမှ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကိုကျော်(ချောင်းဆုံ)**





ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်ကိုတင်ဆောင်ထားသည့် အမြောက်တင်ယာဉ်နှင့် နိုင်ငံတော်စျာပနယာဉ်တန်းမောင်းနှင်ရာ လမ်းတစ်လျှောက်၌ တပ်မတော်(ကြည်း၊ ရေ၊ လေ) မှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုများက ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် ဂါရဝပြုဦးညွှတ်နှုတ်ဆက်စဉ်။

☆ စာမျက်နှာ ၁၇ မှအဆက်

ရုပ်ကလာပ်အား ဂုဏ်ပြုအခမ်းအနားကျင်းပမည့်နေရာသို့ ဂုဏ်ပြုစစ်ရေးပြဖြင့် ပို့ဆောင်ကြရာ ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီးနှင့် မိသားစုဝင်များ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များကပို့ဆောင်ကြသည်။

၎င်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်အား ပြည်ထောင်စုဝန်ကြီး ၈ ဦးက ရုပ်ကလာပ်တင်စင်ပေါ်သို့ ပို့ဆောင်တင်ဆောင်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက နေရာယူကြပြီး တပ်မတော်ဂုဏ်ပြုသေနတ်ပစ်အဖွဲ့က ဂုဏ်ပြုစစ်ရေးပြအစီအစဉ်အတိုင်းဆောင်ရွက်ကာ သေနတ်မြေစိုက် ဦးခိုက်အလေးပြုကြပြီး သေနတ်မြှောက်အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏အမိန့်ပြန်တမ်းအား ဖတ်ကြားပြီး အမိန့်ပြန်တမ်းအား ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့်ရုပ်ကလာပ် ထည့်သွင်းထားသော အခေါင်းအတွင်းသို့ ထည့်သွင်းသည်။

ယင်းနောက်တပ်မတော်ဂုဏ်ပြုသေနတ်ပစ်အဖွဲ့က သေနတ် ၃ ချက်ပစ်ဖောက်ဂုဏ်ပြုကြပြီး နောက်ဆုံးအကြိမ်အဖြစ် သေနတ်မြှောက်အလေးပြုကာ စစ်ခရာမှုတ်၍ ဂုဏ်ပြုကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ နီပေါနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ယူအေအီးနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံတို့မှ သံအမတ်ကြီးများ၊ စာမျက်နှာ ၁၂ သို့ ☆



ယာယီသမ္မတ ဦးမြင့်ဆွေ၏ နိုင်ငံတော်စျာပနအခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံး၊ စစ်သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့်စစ်သံမှူးများကို တွေ့ရစဉ်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ရုပ်ကလာပ်အား ပြည်ထောင်စုဝန်ကြီး ၈ ဦးကရုပ်ကလာပ်တင်စင်ပေါ်သို့ သယ်ဆောင်စဉ်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကွင်းကျန်ရစ်သည့်ရုပ်ကလာပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက ဂါရဝပြုစဉ်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကွင်းကျန်ရစ်သည့်ရုပ်ကလာပ်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးက ဂါရဝပြုစဉ်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကွင်းကျန်ရစ်သည့်ရုပ်ကလာပ်အား အိန္ဒိယနိုင်ငံသံအမတ်ကြီးက ဂါရဝပြုစဉ်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ အရိုးပြာထည့်သွင်းထားသော ကြွေအိုးအား ယာယီသမ္မတ ဦးမြင့်ဆွေ၏သား ဗိုလ်ကြီးကျော်ဘုန်းမြင့်(ငြိမ်း)ကဦးဆောင်ကာ မိသားစုဝင်များနှင့်အတူ ဂူသွင်းမည့်နေရာသို့ သယ်ဆောင်စဉ်။



ယာယီသမ္မတဦးမြင့်ဆွေ၏ အရိုးပြာကြွေအိုးအား ယာယီသမ္မတ ဦးမြင့်ဆွေ၏သား ဗိုလ်ကြီးကျော်ဘုန်းမြင့်(ငြိမ်း)ကဦးဆောင်ကာ မိသားစုဝင်များက ဂူအတွင်းထည့်သွင်း၍ ဂူပိတ်စဉ်။

☆ **စာမျက်နှာ ၁၁ မှအဆက်**

အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့မှ သံရုံးယာယီတာဝန်ခံများ၊ ဗီယက်နမ်နိုင်ငံသံအမတ်ကြီးကိုယ်စား ပထမအတွင်းဝန်နှင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူး ၁၆ ဦးတို့က ယာယီသမ္မတ ဦးမြင့်ဆွေ၏ရုပ်ကလာပ်အား တစ်ဦးချင်းဂါရဝပြုကြသည်။

၎င်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဇနီးနှင့်မိသားစုဝင်များက နောက်ဆုံးအကြိမ်အဖြစ် ဂါရဝပြုကြပြီး ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်အား မီးသင်္ဂြိုဟ်စက်အတွင်းသို့ ထည့်သွင်းမီးသင်္ဂြိုဟ်သည်။

ယင်းနောက်ယာယီသမ္မတဦးမြင့်ဆွေ၏ အရိုးပြာထည့်သွင်းထားသော ကြွေအိုးအား ယာယီသမ္မတ ဦးမြင့်ဆွေ၏သား ဗိုလ်ကြီးကျော်ဘုန်းမြင့်(ငြိမ်း)က ဦးဆောင်ကာ မိသားစုဝင်များနှင့်အတူ ဂူသွင်းမည့်နေရာသို့ သယ်ဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်ဗျာပနကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက ယာယီသမ္မတဦးမြင့်ဆွေ၏ အရိုးပြာကြွေအိုးအား ဂူအတွင်းထည့်သွင်း၍ ဂူပိတ်မှုကို ကြည့်ရှုကြသည်။

ယင်းနောက်ယာယီသမ္မတဦးမြင့်ဆွေ၏ ဂူဗိမာန်အား မိသားစုဝင်များက ဂါရဝပြုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့

ဇော်မျိုးမင်း

လူငယ်တို့၏သဘာဝမှာ လျင်မြန်ခြင်း၊ နိုးကြားတက်ကြွခြင်း၊ ခွန်အားရှိခြင်း၊ စူးစမ်းတတ်ခြင်း၊ စွန့်စားခြင်း၊ ရဲရင့်ခြင်း၊ တတ်မြောက်လွယ်ခြင်းနှင့် ဖန်တီးနိုင်စွမ်းအားရှိသူများဖြစ်ကြပြီး နောင်တစ်ချိန်တွင် နိုင်ငံတော်ကိုတာဝန်ယူကြရမည့်သူများဖြစ်ပေရာ လူငယ်များကိုစိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးရှိအောင် ပြုစုပျိုးထောင်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်ကို အလှဆင်ကြရမည်ဖြစ်ပါသည်။ လူငယ်များ၏အရေးပါသောအခန်းကဏ္ဍကို အသိအမှတ်ပြုရန် ၁၉၉၁ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ပထမအကြိမ် လူငယ်ဖိုရမ်ကို ကျင်းပခဲ့သည်။ အဆိုပါဖိုရမ်မှအပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကျင်းပနိုင်ရန် အဆိုပြုခဲ့ရာမှ ၁၉၉၈ ခုနှစ်တွင် ပေါ်တူဂီနိုင်ငံ၌ ကုလသမဂ္ဂနှင့်ပူးပေါင်း၍ ပထမအကြိမ် လူငယ်ဆိုင်ရာဝန်ကြီးများ၏ကမ္ဘာ့ညီလာခံက ဩဂုတ်လ ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အဖြစ် အကြံပြုခဲ့သည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှ ဆုံးဖြတ်ချက်အမှတ်(၅၄/၁၂၀)ဖြင့် ဩဂုတ်လ ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အဖြစ်သတ်မှတ်ခဲ့သည်။ ၂၀၂၅ ခုနှစ်အတွက် ဆောင်ပုဒ်မှာ **"လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဆီသို့"** ဟူ၍ သတ်မှတ်ပေးထားသည်။ ထို့အတွက် အောက်ဖော်ပြပါအကြောင်းအရာများကို အသိပညာဗဟုသုတရရှိစေရန် ရေးသားတင်ပြလိုက်ရပါသည်-

**လူငယ်နှင့်ပညာရေး**

လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပုံဖော်ပေးကြမည့်သူများဖြစ်ပြီး အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့်နိုင်ငံ့အရင်းအမြစ်များဖြစ်ကြသည်။ လူငယ်များကို စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံကြသည့်လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။ လူငယ်များကို စနစ်တကျမှန်မှန်ကန်ကန်လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကို မြင့်မားတိုးတက်အောင် တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါများခြင်းပင်ဖြစ်သည်။ ပညာဆိုသည်မှာ အသေးစိတ်သိခြင်း၊ သိအောင်လုပ်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့်သိခြင်းတို့ဖြစ်သည်။

ပညာသင်ကြားခြင်းဆိုရာတွင် ကျောင်းသင်ခန်းစာများကိုသင်ယူခြင်းအပြင် ကျောင်းပြင်ပသင်ယူခြင်းနှင့်အတွေ့အကြုံများမှ ကိုယ်တိုင်လေ့လာသင်ယူသွားကြရမည်ဖြစ်သည်။ ပညာတတ်ဖြစ်မှသာ လူ့ဘဝရှင်သန်ရပ်တည်ရန်အတွက် မရှိမဖြစ်လိုအပ်သည့်လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးများကိုရရှိပြီး စဉ်းစားတွေးခေါ်မှု၊ ပြဿနာကိုဖြေရှင်းတတ်မှု၊ ဝေဖန်ပိုင်းခြားတတ်မှု၊ တီထွင်ကြံဆတတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု စသည့်ပင်ကိုအရည်အသွေးများကို ပိုင်ဆိုင်လာမည်ဖြစ်သည်။

အရည်အသွေးမြင့်သည့် ပညာရပ်များကို တတ်ကျွမ်းသူများသည် ကောင်းမွန်သည့်အလုပ်အကိုင်ကောင်းများကိုရရှိနိုင်သည်။ ဆန်းသစ်တီထွင်တတ်သူ၊ ဉာဏ်ရည်မြင့်မားသူ၊ ဝီရိယရှိပြီး ကြိုးစားအားထုတ်သူများသည် သက်ဆိုင်ရာလုပ်ငန်းများတွင် အောင်မြင်သူများဖြစ်လာကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ ထို့ပြင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။



**လူငယ်နှင့်စာပေ**

လူငယ်ဘဝ ဖွံ့ဖြိုးတိုးတက်မှုအကြောင်းကို ပြောမည်ဆိုပါက လူငယ်နှင့်စာပေမှာ ခွဲခြား၍မရပေ။ လူငယ်များသည် စာပေနှင့်ပတ်သက်၍ ဖတ်ရှုလေ့လာခြင်း၊ ကြည့်ရှုလေ့လာခြင်းတို့ဖြင့် ရရှိလာသည့် ဗဟုသုတအတွေ့အကြုံများဖြင့် အနာဂတ်ဘဝကို ပုံဖော်ရမည်ဖြစ်သည်။

**ဖတ်ရှုလေ့လာခြင်း(Reading and Studying)** ဆိုသည်မှာ စာပေ၊ အချက်အလက် သို့မဟုတ် အကြောင်းအရာတစ်ခုကို စနစ်တကျဖတ်ရှုပြီး နားလည်သဘောပေါက်၍ လက်တွေ့အသုံးချနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သောလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ စာမေးပွဲအတွက် လေ့လာခြင်း၊ ဘာသာရပ်အသစ်ကို သင်ယူခြင်းတို့တွင် အသိပညာ၊ အတွေ့အကြုံ သို့မဟုတ် ကျွမ်းကျင်မှုရရှိရန် ရည်မှန်းချက်ဖြင့် ရည်ရွယ်ချက်ရှိရှိဖတ်ရှုရမည်။ ဖတ်ရှုလေ့လာခြင်းမှတစ်ဆင့်ပညာရှာမှီးရန်၊ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်စေရန်၊ အတွေးအခေါ်၊ ဉာဏ်ရည်နှင့်ဆုံးဖြတ်ချက်များ ပိုမိုကောင်းမွန်စေရန်၊ ဘဝအတွေ့အကြုံများကို ကျယ်ပြန့်စွာနားလည်နိုင်ရန် အရေးကြီးပါသည်။ ထို့ကြောင့် ဖတ်ရှုလေ့လာခြင်းသည် စာသားများကိုသာမက လောကကြီး၏အရှိတရားများကိုပါ နက်ရှိုင်းစွာနားလည်နိုင်သည့်အခြေခံလိုအပ်ချက်တစ်ရပ်လည်းဖြစ်သည်။

**ကြည့်ရှုလေ့လာခြင်း(Observation and Study)** ဆိုသည်မှာ မျက်စိ၊ နား သို့မဟုတ် အခြားအာရုံခံနိုင်သောကိရိယာများဖြင့် အရာဝတ္ထု၊ ဖြစ်စဉ်၊ အပြုအမူ သို့မဟုတ် ပတ်ဝန်းကျင်ကိုစနစ်တကျ သတိပြု၍ မှတ်သားကာ နားလည်သဘောပေါက်အောင် ဆောင်ရွက်ခြင်းဖြစ်သည်။ ၎င်းသည် သိပ္ပံနည်းကျလေ့လာမှု၊ လက်တွေ့ဘဝအတွေ့အကြုံနှင့်ပညာရေးဆိုင်ရာလုပ်ငန်းစဉ်တစ်ခုလည်းဖြစ်သည်။ ကြည့်ရှုလေ့လာခြင်း၏အဓိကလက္ခဏာများမှာ အာရုံစိုက်မှတ်သားခြင်း၊ အချက်အလက်စုဆောင်းခြင်း၊ ဆန်းစစ်သုံးသပ်ခြင်း၊ ရလဒ်များကိုအသုံးချခြင်းတို့ဖြစ်သည်။ ကြည့်ရှုလေ့လာခြင်း၏အရေးပါမှုများမှာ သဘာဝတရားကိုလေ့လာခြင်းဖြင့် နည်းပညာအသစ်များ တီထွင်နိုင်ခြင်း၊ ဈေးကွက်လိုအပ်ချက်ကို လေ့လာပြီး စီးပွားရေးအစီအမံများ ရေးဆွဲခြင်း၊ အတွေ့အကြုံမှတစ်ဆင့် အမှားအမှန်ကို ဆင်ခြင်တတ်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ကြည့်ရှုလေ့လာခြင်းသည် လက်တွေ့ဘဝနှင့်သုတေသနလုပ်ငန်းများအတွက် အခြေခံကျသော စွမ်းရည်တစ်ရပ်ဖြစ်သည်။

**လူငယ်နှင့် Social Media**

မြန်မာနိုင်ငံတွင် လူငယ်အများစုသည် Facebook၊ TikTok၊ Instagram၊ YouTube စသည့် Social Media ပလက်ဖောင်းများကို အချိန်အကြာကြီး အသုံးပြုလျက်ရှိသည်။ အထူးသဖြင့် စမတ်ဖုန်းများ လွယ်ကူစွာရရှိလာခြင်း၊ အင်တာနက်လိုင်းများ ပိုမိုမြန်ဆန်လာခြင်းတို့ကြောင့် Social Media အသုံးပြုမှုနှုန်းသိသိသာသာမြင့်တက်လာပါသည်။ Social Media ကိုအသုံးပြုခြင်းဖြင့် သတင်းအချက်အလက်နှင့်အသိပညာရရှိခြင်း၊ မိတ်ဆွေအပေါင်းအသင်းများနှင့် ဆက်သွယ်နိုင်ခြင်း၊ အနုပညာ၊ စီးပွားရေးနှင့်ကိုယ်ရေးကိုယ်တာအခွင့်အလမ်းများ ဖန်တီးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်သော်လည်း ထိခိုက်မှုများကိုမူ သတိကြီးစွာထားရပါမည်။

တစ်နေ့လျှင် ၂-၃ နာရီထက်မပိုစေရန် Screen Time ကို ကန့်သတ်ခြင်း၊ Social Media ကို အလုပ်မစတင်မီ၊ အိပ်ရာမဝင်မီ အချိန်တိုသာသုံး၍ အချိန်စီမံခန့်ခွဲမှု(Time Management)ထားခြင်း၊ ကိုယ်ရေးကိုယ်တာအချက်အလက်များ (ဖုန်းနံပါတ်၊ လိပ်စာ) ကို Public မထားပါဘဲ Privacy & Security ကို အလေးထားခြင်း၊ မိသားစု၊ သူငယ်ချင်းများနှင့် တွေ့ဆုံပြီး အားကစား၊ စာဖတ်ခြင်း၊ အနုပညာလှုပ်ရှားမှုများလုပ်ခြင်း၊ စကားပြောချိန်များများဖန်တီးပြီး Real-Life Interaction ကို ဦးစားပေးခြင်း၊ Social Media အစား ပညာရေး၊ ကျန်းမာရေး၊ Skill Development ဆိုင်ရာ Page/Channel များကို Follow လုပ်ကာ အသိပညာတိုးပွားစေရန် Positive Content များကို ရွေးချယ်ကြည့်ရှုခြင်း၊ Fake News နှင့် အကြမ်းဖက်အကြောင်းအရာများကို Report & Block လုပ်ခြင်းတို့ဖြင့် Social Media ကြောင့် ထိခိုက်မှုများမဖြစ်စေရန် ဆောင်ရွက်သင့်သည်။

**လူငယ်နှင့်သိပ္ပံနည်းပညာ**

ခေတ်သစ်ကမ္ဘာတွင် နည်းပညာသည် လူမှုရေး၊ စီးပွားရေးနှင့် ပညာရေးကဏ္ဍများကို အခြေခံမှ ပြောင်းလဲနေသည်။ လူငယ်များအနေဖြင့် နည်းပညာကိုအသုံးချ၍ ဘက်စုံပူးပေါင်းဆောင်ရွက်မှုများ (Multi-Stakeholder Collaboration) မြှင့်တင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အရှိန်မြှင့်နိုင်သည်။ နည်းပညာခေတ်တွင် လူငယ်များအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်ရန် ဒစ်ဂျစ်တယ်နည်းလမ်းများက အရေးပါလာသည်။ လူငယ်များသည် Zoom၊ Slack၊ Trello၊ Microsoft Teams စသည့် Online Collaboration Tools များကိုအသုံးပြု၍ အုပ်စုလိုက်ဆွေးနွေးခြင်း(Virtual Meetings)၊ လုပ်ငန်းတာဝန်များခွဲဝေခြင်း(Task Management)၊ ပရောဂျက်များကို အချိန်နှင့်တစ်ပြေးညီ စီမံခြင်း(Real-Time Collaboration) စသည့်ဒစ်ဂျစ်တယ်ပလက်ဖောင်းများမှတစ်ဆင့် အဝေးမှပူးပေါင်းအလုပ်လုပ်ခြင်းတို့ကို လွယ်ကူစွာလုပ်ဆောင်နိုင်သည်။

ဒေတာမျှဝေခြင်း(Cloud Computing & AI)ဖြင့် အချက်အလက်များ လျင်မြန်စွာဆွေးနွေးနိုင်ခြင်းဖြင့် Cloud Storage (Google Drive၊ Dropbox) ဖြင့် ဖိုင်များကို အဖွဲ့ဝင်အားလုံး အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်ကြည့်ရှုနိုင်ခြင်း၊ AI-Based Tools (Chat GPT၊ Notion AI)များဖြင့် အလိုအလျောက် အချက်အလက်စုစည်းခြင်း၊ အစီရင်ခံစာများပြုစုခြင်း စသည့်နည်းပညာသည် အချက်အလက်မျှဝေမှုကို လွယ်ကူမြန်ဆန်စေသည်။ လူငယ်များသည် အွန်လိုင်းပလက်ဖောင်းများကိုအသုံးပြု၍ အခမဲ့အွန်လိုင်းသင်တန်းများ(Coursera၊ edX၊ Khan Academy)တက်ရောက်ကာ ကျွမ်းကျင်မှုများ တိုးတက်အောင်လုပ်ခြင်း၊ Facebook Groups၊ LinkedIn၊ Discord စသည့်အသိုင်းအဝိုင်းများတွင် ပညာရပ်ဆိုင်ရာဆွေးနွေးခြင်း၊ Mentorship ရယူခြင်း စသည့်အွန်လိုင်းပညာရေးနှင့်လူမှုအသိုင်းအဝိုင်းများမှတစ်ဆင့် အသိပညာဖလှယ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

**လူငယ်နှင့် Game**

မြန်မာနိုင်ငံရှိ လူငယ်အများအပြားသည် အွန်လိုင်း/အော့ဖ်လိုင်းဂိမ်းများကို အချိန်ကြာမြင့်စွာ ကစားခြင်း၊ စွဲလမ်းခြင်းပြဿနာနှင့်ရင်ဆိုင်နေရသည်။ အထူးသဖြင့် Mobile Legends၊ Free Fire၊ PUBG၊ Roblox စသည့် Online Multiplayer Games များကို အလွန်အကျွံကစားခြင်းကြောင့် ကျန်းမာရေး၊ ပညာရေး၊

**စာမျက်နှာ ၁၄ သို့➤**

➤ စာမျက်နှာ ၁၃ မှအဆက်

လူမှုရေးနှင့်စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများဖြစ်ပေါ်လာနိုင်ပါသည်။ ဂိမ်းကစားချိန်များလွန်းပါက စာကျက်ချိန်နည်းပြီး စာမေးပွဲအမှတ်ကျဆင်းကာ ပညာရေးတွင် နောက်ကျကျန်ရစ်နိုင်သည်။ ဂိမ်းကစားပြီးနောက် စာသင်ခန်းတွင် စိတ်မပါဖြစ်ကာ အာရုံစူးစိုက်မှုလျော့နည်းခြင်း၊ သင်ယူမှုစွမ်းရည်ကျဆင်းခြင်းများဖြစ်တတ်သည်။

မိဘအုပ်ထိန်းသူများ၊ ဆရာများအနေဖြင့် လူငယ်များ အလွန်အကျွံ Game ကစားခြင်းမှ ကာကွယ်ရန်အတွက် ကလေး၏ Screen Time ကို တစ်နေ့ ၂-၃ နာရီထက် မပိုစေရန် ကန့်သတ်ခြင်း၊ အခြားအားကစား/အနုပညာလှုပ်ရှားမှုများကို အားပေးခြင်း၊ ပညာရေးတွင် အာရုံစူးစိုက်မှုပိုမိုရရှိလာအောင် အချိန်ပေးခြင်းတို့ဆောင်ရွက်သင့်သည်။

**လူငယ်နှင့် မူးယစ်ဆေးဝါး**

လူငယ်လူရွယ်များကို လုံးဝဖျက်ဆီးပစ်နိုင်သည့်တစ်ခုတည်းသောအရာမှာ မူးယစ်ဆေးဝါးပင်ဖြစ်သည်။ ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုကြိုတင်ကာကွယ်ရေးအနေဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများနှင့် ကျောင်းပြင်ပစခန်းများတွင် မူးယစ်ဆေးဝါးကင်းစင်နယ်မြေဖြစ်စေရေးအတွက် မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများနှင့်လူငယ်စကားဝိုင်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် အသိပညာပေးဘုတ်များ စိုက်ထူခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးစကားလုံးသည် အလွန်ကျယ်ပြန့်လှသည်။ ကွမ်းယာစားသုံးခြင်းမှစ၍ အရက်၊ ဆေးလိပ်၊ ဘီယာသောက်သုံးခြင်း၊ စိတ်ငြိမ်ဆေး၊ ဆေးပြား၊ ဘိန်းဖြူ၊ ဘိန်းမည်းများသုံးစွဲခြင်းအထိ ပါဝင်သည်။ ယနေ့ခေတ်သည် တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ လူငယ်များအတွက် အားကစားနှင့်ကစားခုန်စားလှုပ်ရှားမှုများပြုလုပ်ခြင်း၊ အားကစားသင်တန်းများ တက်ရောက်သင်ကြားခြင်း၊ ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ခြင်း စသောအားလပ်ချိန်အား အကျိုးရှိစွာအသုံးချမှုများသည် လူငယ်များ၏စိတ်ဓာတ်ဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကိုယ်ကာယကြံ့ခိုင်ဖွံ့ဖြိုးမှုများအတွက်လည်း အရေးကြီးလှသည်။

**လူငယ်နှင့်အားကစား**

အနာဂတ်ကာလတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပခုံးပြောင်းတာဝန်ယူဆောင်ရွက်သွားကြရမည့်လူငယ်များအား အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပြုစုပျိုးထောင်နိုင်ရေးအတွက် နိုင်ငံသားများအား အားကစားမှတစ်ဆင့် လူ့အဖွဲ့အစည်းအတွင်း ချစ်ကြည်ရင်းနှီးမှုခိုင်မာစေရန်နှင့် လူမှုဝန်ထမ်းလုပ်ငန်းများကို စိတ်ပါဝင်စားစွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လာစေရေး စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်၍ မျိုးဆက်သစ်လူငယ်လူရွယ်များအား အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်စေရေးနှင့် ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျောင်းပိတ်ရက်များတွင် အားကစားသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီ(အခြေခံနှင့်အဆင့်မြင့်) အားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်းများဖြင့်အားလပ်ချိန်များတွင် စိတ်လေလွင့်နေမည့်လူငယ်များကို အားကစားဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေခြင်းတို့သည် နိုင်ငံတော်ကို အားကစားဖြင့် အကျိုးပြုနေသည့်အချက်တစ်ချက်ဖြစ်ကြောင်း တွေ့ရှိရသည်။

**လူငယ်နှင့် ဖွံ့ဖြိုးတိုးတက်ရေး**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးကိုညွှန်းဆိုရပါလျှင် လူငယ်ကဏ္ဍပင်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် လူငယ်များကို အထူးအလေးထားသောအားဖြင့် လူငယ်များ၏အနာဂတ်ကောင်းများကို ဖန်တီးတည်ဆောက်ပေးလျက်ရှိသည်။ နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည့် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို စနစ်တကျထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် လူငယ်များပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စား၍ ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်နှင့်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်လာအောင်ပြုစုပျိုးထောင်နိုင်ရေးရည်ရွယ်လျက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနကိုဖွင့်လှစ်ခဲ့သည်။ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ခေတ် လျင်မြန်စွာပြောင်းလဲနေသောကမ္ဘာ့အခင်းအကျင်းတွင် လူငယ်များသည် အပြောင်းအလဲ၏ အဓိကမောင်းနှင်အားများအဖြစ်ပေါ်ထွက်လာပြီး နိုင်ငံတကာစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် နည်းပညာနှင့်ဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ၏စွမ်းအားကို အသုံးချနေကြသည်။ ၂၀၃၀ ပြည့်နှစ်တွင် လူငယ်လူဦးရေသည် ကမ္ဘာ့လူဦးရေစာရင်း၏ ၅၇ ရာခိုင်နှုန်းအထိပါဝင်လာမည်ဟုခန့်မှန်းထားပြီး လူငယ်များအား ဆုံးဖြတ်ချက်ချခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုတွင် အဓိပ္ပာယ်ပြည့်ဝသောအခန်းကဏ္ဍများ၌ပါရှိသည့်လူငယ်များအား အခွင့်အာဏာပေးရန် အရေးတကြီးလိုအပ်မှုကို အလေးပေးဖော်ပြလျက်ရှိသည်။ ဤလူဦးရေအပြောင်းအရွှေ့သည် ဘက်စုံမူဝါဒများ၏ အကျိုးခံစားခွင့်များသာမက လူငယ်များကို ပုံဖော်ရာတွင် မရှိမဖြစ်မိတ်ဖက်များအဖြစ်နေရာယူထားသည်။

**လူငယ်များနှင့် အောင်မြင်ရေး**

လူငယ်များသည် နည်းပညာ၏အရှိန်အဟုန်ကိုအသုံးချ၍ ဘက်စုံပူးပေါင်းဆောင်ရွက်မှုများကို ဦးဆောင်နိုင်စွမ်းရှိသည်။ ဒစ်ဂျစ်တယ်စွမ်းရည်၊ ဆန်းသစ်တီထွင်မှုနှင့် လူမှုအသိုင်းအဝိုင်းတို့ကို ပေါင်းစပ်ခြင်းဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကိုဖော်ဆောင်နိုင်သည်။ ပူးပေါင်းဆောင်ရွက်မှုသည် အနာဂတ်၏သော့ချက်ဖြစ်သည်ဆိုပါက နည်းပညာက ထိုသော့ကို ပိုမိုလွယ်ကူစွာ လှည့်နိုင်စေမည်ဖြစ်သည်။

ထို့ကြောင့် မိဘ၊ ဆရာများအနေဖြင့် လူငယ်များ၏ဘဝကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာစွမ်းရည်များကို တိုးတက်ကောင်းမွန်လာအောင် စနစ်တကျပြုစုပျိုးထောင်ကြရန် အလွန်အရေးကြီးသလို ယနေ့ခေတ်လူငယ်များအနေဖြင့်လည်း မိမိတို့၏စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများကို ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်ကြိုးစားဆောင်ရွက်ကြရန်အရေးကြီးသည်။ သို့မှသာ အနာဂတ်ကိုကောင်းမွန်စွာ ဦးဆောင်နိုင်မည့် လူငယ်လူရွယ် လူကောင်းလူတော်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ရေးသားရင်း ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ဂုဏ်ပြုရေးသားဖော်ပြလိုက်ရပါသည်။ ။

## လူငယ်ဆိုတာ

❖ ကျတာဝန် ကျေစတမ်း
ကြိုးပမ်းလို့ စွမ်းဆောင်ပါ။
ခေတ်လူငယ် လူ့စွမ်းအား
ကြီးမားပေတာ။
အနာဂတ်ရဲ့ ပြည်မြန်မာ
လူငယ်မှာ တာဝန်ရှိ။
ဦးနှောက်ဉာဏ် ဝေဖန်ခွဲ
ယှဉ်တွဲအသိ။

❖ လျှောက်လှမ်းရာ ကပ်သတိကွဲ့
စွဲငြိလို့ ရဲရင့်မာန်။
လူနဲ့လူ မေတ္တာထား
လေးစားပြန်လှန်။
ဆုံးဖြတ်ချက်တို့ မှန်ကန်
အကြံအဖန် မစဉ်းစား။
မုန်းစိတ်ရှောင် ချစ်ခင်မှုဖြင့်
အားပြုစေသား။

❖ တက်လူငယ် ညီနောင်များရယ်က
တည်ထောင်အားနဲ့ ကြိုးပမ်းစေ။
လူ့ဂုဏ်ရည် လူ့တန်ဖိုး
မြတ်နိုးကာလေ။
မျိုးချစ်စိတ်ဖြင့် ရှေ့ဆက်ပေ
နေ့ရက်တွေ ကောင်းကျိုးပြု။
သွေးချင်းညီ သစ္စာတရားရယ်ဖြင့်
အင်အားပေါင်းစု။ ။

**ချာန်လေး(ပညာရေး)**

**MWD Education, Knowledge & Sports Channel** ၁၂-၈-၂၀၂၅(အင်္ဂါနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၄၂ | Grade - 4 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၅:၃၀ - ၁၇:၁၀ | Grade - 4 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |
| ၃။ | ၁၇:၁၀ - ၁၈:၀၀ | Grade - 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၄။ | ၁၈:၀၀ - ၁၉:၃၃ | Grade - 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

**သဇင်(FM)အသံလွှင့်အစီအစဉ်** ၁၂-၈-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ် ဘုရားတည်
၂။ ၁၁:၅၀ လှပကျန်းမာ
၃။ ၁၄:၅၀ Speech On Air
၄။ ၁၆:၀၀ တပ်မတော် စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ

# ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



ညောင်ရွှေ ဩဂုတ် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် တောင်ပို့ကြီးကျေးရွာအုပ်စု ရွှေတောင်ဦးကျေးရွာ၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်၊ သစ်တောသယံဇာတရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန်နှင့်အင်းလေးကန်ရေဝေရေလဲဒေသတွင် သစ်တောများပြန်လည်ဖြစ်ထွန်းလာစေရန်ရည်ရွယ်၍ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ်လ ၁၀ ရက်နံနက်ပိုင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းနှင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်နှင့်ဝန်ထမ်းများ၊ ဒေသခံပြည်သူများက မာတာကွတ် ၁၅၀ ပင်၊ အော်ရေးရှား ၂၀၀ ပင်၊ ပြည်လုံးချမ်းသာ ၃၀ ပင်၊ ကုက္ကိုပင် ၆၀၊ စိန်ပန်းနီပျိုးပင် ၁၀ ပင် စုစုပေါင်းပျိုးပင် ၄၅၀ ကို စုပေါင်းစိုက်ပျိုးကြောင်း သိရသည်။ (၄၀၅)

# နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

(အမျိုးသားကာကွယ်ရေးနှင့်
လုံခြုံရေးကောင်စီဥပဒေအမှတ် ၂ / ၂၀၂၅)
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေ ပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ပါ အမှတ်အသားများနှင့် ယင်းတို့၏အဓိပ္ပာယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၏ အလယ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မြေပုံပါရှိသည်။ အရွက် ၁၄ ရွက်စီ ပါဝင်သော သပြေခက်များသည် မြေပုံ၏ တစ်ဖက်တစ်ချက်စီတွင် ပါရှိသည်။ နိုင်ငံတော်မြေပုံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နယ်နိမိတ်ပုံသဏ္ဌာန်ကိုလည်းကောင်း၊ သပြေခက်များသည် အောင်အတိတ် အောင်နိမိတ်ဆောင်ခြင်းကိုလည်းကောင်း ကိုယ်စားပြုသည်။

(ခ) သပြေခက်များ၏ တစ်ဖက်တစ်ချက်တွင် အနုပညာမြောက် မြန်မာ့လက်ရာ ကေသရာဇာခြင်္သေ့တစ်စီးစီရှိသည်။ လက်ဝဲဘက်ရှိခြင်္သေ့သည် လက်ဝဲဘက်သို့လည်းကောင်း၊ လက်ယာဘက်ရှိ ခြင်္သေ့သည် လက်ယာဘက်သို့လည်းကောင်း မျက်နှာမူလျက်ရှိသည်။ ခြင်္သေ့နှစ်စီးသည် အချုပ်အခြာအာဏာပိုင်စိုးခြင်း၊ ရဲရင့်ခြင်း၊ လုံ့လဝီရိယရှိခြင်းနှင့် ဘေးအန္တရာယ်ဟူသမျှကို ကြီးသည် ငယ်သည်မဟူ တူညီသောအားထုတ်မှုဖြင့် နှိမ်နင်းခြင်း ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။ ခြင်္သေ့နှစ်စီးကို နိုင်ငံတော်မြေပုံ၏ တစ်ဖက်တစ်ချက်တွင် ရံထားခြင်းမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဟူသော စာတမ်းကို နိုင်ငံတော်အထိမ်းအမှတ်တံဆိပ် အောက်ခြေဖဲပြားပေါ်တွင် ဖော်ပြထားသည်။ ပြည်ထောင်စုဟူသော စာတမ်းကို လက်ဝဲဘက်ရှိ ခြင်္သေ့အောက်တွင်လည်းကောင်း၊ သမ္မတဟူသော စာတမ်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြေပုံအောက်ရှိ အလယ်ဗဟိုတွင်လည်းကောင်း၊ မြန်မာနိုင်ငံတော်ဟူသော စာတမ်းကို လက်ယာဘက်ရှိ ခြင်္သေ့အောက်တွင်လည်းကောင်း ထားရှိသည်။

(ဃ) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၏ ထိပ်တွင် ကြယ်လက်တံငါးခုရှိသော ကြယ်တစ်လုံးသည် အထက်သို့ မတ်မတ်ညွှန်းလျက်ရှိသည်။ ကြယ်သည် ကောင်းကင်၌ ကိုယ်ပိုင်ပကတိအလင်းရောင်ဖြင့် ထင်ရှားသကဲ့သို့ မြန်မာနိုင်ငံသည်လည်း အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံအဖြစ် ရပ်တည်သည်ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

(င) ကြယ်၏ တစ်ဖက်တစ်ချက်တွင် မြန်မာ့ရိုးရာကနုတ်ပန်းများဖြင့် ပုံဖော်ထားသည့် မြန်မာပန်းပုံသဏ္ဌာန် ပန်းခက်ပြားများရှိသည်။ ပန်းခက်ပြားများသည် မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်မြင့်မားခြင်းနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ရပ်တည်ခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းသည်။

(စ) နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို အောက်ခံ အနီရောင်ပေါ်တွင် ရွှေဝါရောင်ဖြင့် ပုံဖော်ထားပြီး တံဆိပ်၏ ကောက်ကြောင်းမျဉ်းများကို အနက်ရောင်ဖြင့် ရေးဆွဲထားသည်။ အနီရောင်သည် ရဲရင့်ခြင်းနှင့် ပြတ်သားခြင်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း၊ ရွှေဝါရောင်သည် မြတ်နိုးတန်ဖိုးထားအပ်ခြင်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း ဖော်ညွှန်းသည်။

(ဆ) နိုင်ငံတော်တံဆိပ်နမူနာပုံစံမှာ နောက်ဆက်တွဲပါ အတိုင်းဖြစ်သည်။"


၃။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (ခ)ပါ "ဖျက်ဆီးခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း" ဆိုသည့် စကားရပ်ကို "ပြောင်းလဲစေရန် ပြင်ဆင်၍ အသုံးပြုခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ဖျက်ဆီးစေခြင်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ(တာဝန်)**

**နောက်ဆက်တွဲ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အထိမ်းအမှတ်တံဆိပ်**




၁။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ပါ အမှတ်အသားများ၏အချိုးအစားသတ်မှတ်ပုံမှာ-


အလျား = ၁.၂ × အနံ

အလျား : အနံ၊ ၃၀ : ၂၅

**အမှတ် ဖော်ပြချက်**

(က) ကြယ်၏ထိပ်
(ခ) ကြယ်၏ဗဟို
(ဂ) ကြယ်၏အောက်အတွင်းထောင့်
(ဃ) ကြယ်အောက်ရှိ ကနုတ်ပန်းထိပ်
(င) မြန်မာနိုင်ငံမြေပုံ၏ မြောက်ဘက်အစွန်း
(စ) မြန်မာနိုင်ငံမြေပုံ၏ အရှေ့ဘက်အစွန်း
(ဆ) မြန်မာနိုင်ငံမြေပုံ၏ အနောက်ဘက်အစွန်း
(ဇ) မြန်မာနိုင်ငံမြေပုံ၏ တောင်ဘက်အစွန်း
(ဈ) သပြေခက် အတွင်းအနား
(ည) သပြေခက် ထိပ်ဖျား
(ဋ) သပြေခက် အပြင်နား
(ဌ) သပြေခက်နှစ်ခက် အခြေချင်းဆုံသည့်နေရာ
(ဍ) အောက်ခြေဖဲပြား အပေါ်အနား
(ဎ) စာလုံးအပေါ်အနား
(ဏ) စာလုံးအောက်အနား
(တ) အောက်ခြေဖဲပြားအောက်အနား
(ထ) အောက်ခြေ၏ဗဟိုမှတ်
(ဒ) အောက်ခြေဖဲပြားအပေါ်ထောင့်
(ဓ) အောက်ခြေဖဲပြားအောက်ထောင့်
(န) ခြင်္သေ့အောက်တွင်ရှိသော ဖဲပြားလက်ဝဲအပေါ်ထောင့်
(ပ) ခြင်္သေ့အောက်တွင်ရှိသော ဖဲပြားလက်ယာအပေါ်ထောင့်
(ဖ) ကြယ်၏နံဘေးရှိ ကနုတ်ပန်းထိပ်
(ဗ) ကြယ်၏နံဘေးရှိ ကနုတ်ပန်းအလယ်ထိပ်
(ဘ) တံဆိပ်၏ဘေးအနားစွန်း ကနုတ်တက်အပေါ်ထိပ်
(မ) တံဆိပ်၏ဘေးအနားစွန်း ကနုတ်ပန်းအောက်ဘက်ထိပ်
(ယ) ခြင်္သေ့ရင်အုံအရှေ့ရှိ ကနုတ်ပန်းအပေါ်ထိပ်
(ရ) ခြင်္သေ့၏အမောက်တက်ထိပ်
(လ) ခြင်္သေ့၏နှာခေါင်းထိပ်
(ဝ) ခြင်္သေ့၏ရင်အုံ

၂။ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်အမှတ်အသားများ၏ အရောင်နှင့်အလင်းစံသတ်မှတ်ချက်များမှာ-




| စဉ် | အမျိုးအစား | သတ်မှတ်ချက် |
|---|---|---|
| (က) | ရွှေဝါရောင်(အနု) | ပင်န်တုန်း ၃၉၄၅ စီ (PANTONE 3945 C) |
| | | အပြာ စီ(C) = ၈ % |
| | | အနီ အမ်(M) = ၁ % |
| | | အဝါ ဝိုင်(Y) = ၁၀၀ % |
| | | အနက် ကေ(K) = ၀ % |
| (ခ) | ရွှေဝါရောင်(အရင့်) | ပင်န်တုန်း ၇၇၅၂ စီ (PANTONE 7752 C) |
| | | အပြာ စီ(C) = ၁၁ % |
| | | အနီ အမ်(M) = ၂၄ % |
| | | အဝါ ဝိုင်(Y) = ၉၈ % |
| | | အနက် ကေ(K) = ၃ % |
| | | **အရောင်ရင့်(Shade Colour)**=၀.၁၀ စင်တီမီတာ |
| | | အလင်းစံနှုန်း = ၇၅ % |
| (ဂ) | အနီရောင် | ပင်န်တုန်း ၄၈၅ စီ (PANTONE 485 C) |
| | | အပြာ စီ(C) = ၈ % |
| | | အနီ အမ်(M) = ၉၇ % |
| | | အဝါ ဝိုင်(Y) = ၁၀၀ % |
| | | အနက် ကေ(K) = ၁ % |



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ငြိမ်းအေးဇရပ်အတွင်းရှိ ယာယီသမ္မတ ဦးမြင့်ဆွေ၏ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ကြည့်ရှုဂါရဝပြုစဉ်။

**★ ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်၊ ဒုတိယသမ္မတ(ငြိမ်း)များဖြစ်ကြသည့် သီဟသူရ တင်အောင်မြင့်ဦးနှင့် ဦးညာဏ်ထွန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ အငြိမ်းစားအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ကော်မရှင်အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ အငြိမ်းစားပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ(ငြိမ်း)ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များက ငြိမ်းအေးဇရပ်အတွင်းရှိ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား ကြည့်ရှုဂါရဝပြုစဉ်။

ဦးစွာ ယာယီသမ္မတဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား စစ်ရေးပြအခမ်းအနားဖြင့် ရုပ်ကလာပ်တင်ဆောင်မည့်နေရာသို့သယ်ဆောင်ကြပြီး နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်၊ ဒုတိယသမ္မတ(ငြိမ်း)များဖြစ်ကြသည့် သီဟသူရ တင်အောင်မြင့်ဦးနှင့် ဦးညာဏ်ထွန်း၊ အငြိမ်းစားအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ယာယီသမ္မတဦးမြင့်ဆွေ၏ မိသားစုဝင်များက ကြည့်ရှုဂါရဝပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် နိုင်ငံတော်ဈာပနအခမ်းအနားကျင်းပမည့် ငြိမ်းအေးဇရပ်သို့ရောက်ရှိကြပြီး ငြိမ်းအေးဇရပ်အတွင်းရှိကလာပ်တွင် ပြင်ဆင်ထားရှိသည့် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ကြည့်ရှုဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ယာယီသမ္မတဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်ဈာပနအခမ်းအနားသို့တက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ဆိုပွားများချီးမြှင့်တော်မူကြသည့် “သဗ္ဗေ သင်္ခါရာ အနိစ္စာတိ” အစချီသည့် သံဝေဂသုံးဂါထာကိုနာယူကြသည်။

ဌင်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုများသည် ကြွရောက်တော်မူကြသည့် သံဃာတော်အရှင်သူမြတ်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ယာယီသမ္မတဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုများ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် တက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ထံမှ သံဝေဂကထာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ယာယီသမ္မတဦးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုများက ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ထပ်မံကြည့်ရှု ဂါရဝပြုကြသည်။

ဌင်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်အား တပ်မတော်စစ်သင်္ချိုင်း(နေပြည်တော်)သို့ ပို့ဆောင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ၈ ဦးက အမြောက်ယာဉ်ပေါ်သို့ သယ်ယူပို့ဆောင်လာရာ တပ်မတော်ဂုဏ်ပြုသေနတ်အဖွဲ့မှနေရာယူ၍သေနတ်မြောက်၍အလေးပြုခြင်း၊ သက်ပျောက်ရွှေရေအိုးခွဲခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ယာယီသမ္မတဦးမြင့်ဆွေ၏ ရုပ်ကလာပ်တင်ဆောင်ထားသည့် အမြောက်ယာဉ်နှင့် နိုင်ငံတော်ဈာပနယာဉ်တန်းသည် နေပြည်တော် တပ်မတော်ဆေးရုံကြီးရှိ ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်း (နေပြည်တော်)သို့ထွက်ခွာရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် ဝတ်အသင်းအဖွဲ့များက လိုက်ပါပို့ဆောင်ကြသည်။

ယာယီသမ္မတဦးမြင့်ဆွေ၏ ရုပ်ကလာပ်ကိုတင်ဆောင်ထားသည့် အမြောက်တင်ယာဉ်နှင့် နိုင်ငံတော်ဈာပနယာဉ်တန်းသည် နေပြည်တော် တပ်မတော်ဆေးရုံကြီးရှိ ငြိမ်းအေးဇရပ်မှ ပုဗ္ဗသီရိမြို့ပတ်လမ်းအတိုင်း တပ်မတော်စစ်သင်္ချိုင်း (နေပြည်တော်) သို့




ဒုတိယသမ္မတ(ငြိမ်း)သီဟသူရတင်အောင်မြင့်ဦးက ငြိမ်းအေးဇရပ်အတွင်းရှိ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့်ရုပ်ကလာပ်အား ကြည့်ရှုဂါရဝပြုစဉ်။




ဒုတိယသမ္မတ(ငြိမ်း) ဦးညာဏ်ထွန်းက ငြိမ်းအေးဇရပ်အတွင်းရှိ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့်ရုပ်ကလာပ်အား ကြည့်ရှုဂါရဝပြုစဉ်။





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ထံမှ ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုဝင်များ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့်တက်ရောက်လာကြသူများက သံဝေဂကထာတရားနာကြားကြစဉ်။

မောင်းနှင်လာရာ လမ်းတစ်လျှောက်၌ တပ်မတော်(ကြည်း၊ ရေ၊ လေ) မှ တပ်မတော်သားများနှင့်မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုများက ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် ဂါရဝပြုဦးညွှတ်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဈာပနယာဉ်တန်းသည် တပ်မတော်စစ်သင်္ချိုင်း(နေပြည်တော်) သို့ရောက်ရှိပြီး ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့် **စာမျက်နှာ ၁၁ သို့** ☆



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ (ငြိမ်း) ဦးတင်အေးက ငြိမ်းအေးဇရပ်အတွင်းရှိ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့်ရုပ်ကလာပ်အား ကြည့်ရှုဂါရဝပြုစဉ်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် မိသားစုဝင်များက သံဃာတော်အရှင်သူမြတ်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကြွင်းကျန်ရစ်သည့်ရုပ်ကလာပ်အား တပ်မတော်စစ်သင်္ချိုင်း (နေပြည်တော်)သို့ ပို့ဆောင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ၈ ဦးက အမြောက်ယာဉ်ပေါ်သို့သယ်ယူပို့ဆောင်စဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# State Funeral of Pro Tem President of the Republic of the Union of Myanmar U Myint Swe held





Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attend the State Funeral of Pro Tem President U Myint Swe.

NAY PYI TAW August 11

State Funeral of Pro Tem President of the Republic of the Union of Myanmar U Myint Swe was held at Nyein Aye Zayat at the Military Hospital in Nay Pyi Taw and the Military Cemetery (Nay Pyi Taw) this afternoon, attended by Chairman of State Security and Peace Commission Commander-in-Chief of Defence Services of the Republic of the Union of Myanmar Senior General Min Aung Hlaing and wife Daw Kyu Kyu Hla.



The Guard of Honour of the Tatmadaw presents arms with raised rifles in tribute to the late Pro Tem President U Myint Swe.

Sayadaws led by Secretary of State Sangha Maha Nayaka Committee Patron of Masoeyein Taikthit monastery Sayadaw of Dhamma Thamaindipariyati school Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kahtika Bahujana Hitadhara Bhaddanta Vaselabhivamsa, President (Retired) U Thein Sein, Vice Presidents (Retired) Thiha Thura Tin Aung Myint Oo and U Nyan Tun, Vice Chairman of the Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, retired senior military officers, member of the Commission Prime Minister and Union Minister for National Planning U Nyo Saw and wife, Commission members and wives, the Commission Secretary and wife, union level dignitaries, union ministers and wives, retired union level dignitaries and union ministers, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, members of social organizations, the wife and family members and relatives of the late Pro Tem President U Myint Swe, invited guests and members of religious association also attended the funeral.

First, the remains of Pro Tem President were conveyed to the funeral parlour where they would be conveyed in a military procession. President (Retired) U Thein Sein, Vice Presidents (Retired) Thiha Thura Tin Aung Myint Oo and U Nyan Tun, retired senior military officers, the Vice Chairman of the Commission Deputy Commander-in-

See Page - 21 ■■



Diplomats attend the State Funeral of Pro Tem President U Myint Swe.

From Page - 21

Security and Peace Commission read out the gazette order of the National Defence and Security Council, after which the order was placed inside the coffin containing the remains of Pro Tem President U Myint Swe.

After that, the Tatmadaw Guard of Honour fired three rounds in salute, then, for the final time, presented arms with raised rifles and sounded the bugle in tribute.

Ambassadors from the Democratic People's Republic of Korea, Nepal, Thailand, Bangladesh, the Russian Federation, India, the United Arab Emirates, Sri Lanka, the People's Republic of China, and Laos, Chargés d' Affaires ad interim from Indonesia, the Philippines and Brunei, the First Secretary on behalf of the Vietnamese Ambassador and 16 military attachés from foreign military attaché offices to Myanmar paid tribute to the remains of late Pro Tem President individually.

Family members pay respects to the remains of the late Pro Tem President U Myint Swe.





A military diplomat paying tribute to the late Pro Tem President U Myint Swe.

After that, late Pro Tem President U Myint Swe's wife and family members paid their final respects, and the remains of late Pro Tem President U Myint Swe was placed into the cremation chamber for cremation.

Captain Kyaw Phone Myint (Retd), son of late Pro Tem President U Myint Swe, together with family members conveyed the urn of late Pro Tem President U Myint Swe to the venue where the tomb will be built.

The Chairman of the Leading Organizing Committee for the State Funeral Service, the Vice-Chairman and members, senior military officers from the Office of the Commander-in-Chief and attendees observed the processes of keeping the urn into the tomb and closing the tomb.

Family members then paid final tribute to the tomb of late Pro Tem President U Myint Swe.

**100**

# More than 1,000 acres of pigeon peas planted in Mingin Township this year

MINGIN August 11

Statistics of Mingin Township Agriculture Department of Sagaing Region stated that local farmers have planted more than 1,000 acres of pigeon peas in Mingin Township this monsoon.

During the 2025–2026 monsoon crop season, it is planned to cultivate 2,268 acres of pigeon peas in Mingin Township. Cultivation began in June this year, and as of now, 1,002 acres of crop have already been planted.

Daw Hayman Kyaw Win, Head of the Mingin Township Department of Agriculture: said: "This monsoon season, over 2,000 acres of pigeon peas are targeted for cultivation in Mingin Township. So far, over 1,000 acres have been planted. Efforts are underway to meet the full targeted acreage, and measures are being taken to ensure a good yield. Pigeon peas are being cultivated both as a main crop and as an intercrop."

This year, the Mingin Township Department of Agriculture is also providing field-level technical assistance to farmers, focusing on the use of quality and pure seeds, proper planting methods, pest and disease prevention, and boosting per-acre yield.

To help reduce costs for farmers cultivating pigeon peas, the department is also promoting the use of a combined fertilizer technique involving urea as an alternative to foliar fertilizer. This method helps lower cultivation costs, protects crops from pests, and supports healthy crop growth.

**SMK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Pashinyan briefs Putin on his meeting with Trump and Aliyev in US - Kremlin

MOSCOW August 11

Armenian Prime Minister Nikol Pashinyan and Azerbaijan's President Ilham Aliyev visited Washington last week to take part in a trilateral signing ceremony with US President Donald Trump.

Armenian PM Pashinyan has had a phone conversation with Russian President Vladimir Putin, Armenian Cabinet's press service said.

"The Prime Minister presented to the President of the Russian Federation the results of the negotiations held on August 8 in the US capital Washington, in particular, the initialing of the 'Agreement on the Establishment of Peace and Interstate Relations between Armenia and Azerbaijan,' a joint appeal to the OSCE [Organization for Security and Co-operation in Europe] to dissolve the mechanisms of the OSCE Minsk Group, unblocking regional communications within the framework of the principles of territorial integrity, sovereignty and jurisdiction of countries and on the basis of reciprocity, as well as the 'Trump Route for International Peace and Prosperity' project," the government said in a statement.

Pashinyan expressed confidence that the establishment of peace between Yerevan and Baku opens up new opportunities not only for Armenia and Azerbaijan, but also for all countries in the region, the statement also said, adding that the Armenian prime minister and the Russian president agreed to continue "active contacts and political dialogue."



Putin, for his part, briefed Pashinyan on his recent meeting with US envoy Witkoff in Moscow and upcoming summit with Trump in Alaska on August 15, the Kremlin said.

**Sputnik**

# Large parts of England on heat-health alert as temperatures soar

LONDON August 11

The British Health Security Agency (UKHSA) and the Met Office on Monday issued an amber heat-health alert (HHA) for five regions of England, effective from Tuesday, as hot weather is expected to grip much of the country this week.

The amber alert, described as an "enhanced hot weather response," covers the West Midlands, East Midlands, South East, London, and East of England.

In addition, a yellow alert has been issued for the North West and North East regions during the same period. The South West and Yorkshire and the Humber regions remain under a yellow HHA already in force.

The Met Office said a combination of high pressure and a southerly airflow would push temperatures higher across much of England and Wales in the first half of the week, with some areas exceeding 30 degrees Celsius on Monday. London is likely to see temperatures peak in the mid-30s degrees on Tuesday.

Met Office Deputy Chief Meteorologist Tom Crabtree said that warmth would dominate the first half of the week, with temperatures staying above average in the latter part, especially in the southeast.

The Met Office said its heatwave criteria, where specific thresholds must be exceeded for three consecutive days, are likely to be met by Wednesday across much of southern and central England.

The UKHSA warned that high temperatures would significantly impact the health and social care services.

Dr. Paul Coleman, consultant in Public Health at UKHSA, said such temperatures can cause serious health problems, particularly among vulnerable groups such as the elderly and people with underlying diseases. He urged the public to take sensible precautions while enjoying the sunny weather.

**Xinhua**

# Germany to form national security council

BERLIN August 11

Germany is reportedly planning to establish the National Security Council later this month to address internal and external threats, dpa news agency has reported.

The German Defence Ministry previously reported the sharpest growth in military recruitment in years, saying it is aimed at countering what Berlin describes as the "threat" from Russia. Chancellor Friedrich Merz has also called for developing the Bundeswehr into the "strongest conventional army in Europe" and increasing military spending to 3.5% of GDP by 2029. Berlin has also been considering reintroducing conscription to address what it calls a "changing security situation in Europe."

The new security council is expected to coordinate the work of various departments and focus on analyzing information on domestic, foreign, and economic and digital security. It will convene in crisis situations, identify medium- and long-term threats, and develop strategies to respond to them, according to dpa.

The body will be chaired by Merz and will include relevant ministers, members of German security agencies, scientific experts, and representatives of other countries, the EU, and NATO. The official decision is set to be announced during the first government meeting after the parliamentary recess on August 27 in the Ministry of Defence.

Moscow has repeatedly rejected claims it poses a threat to Europe, dismissing speculation that it plans to attack NATO countries as "nonsense."

Russia has also condemned NATO's military buildup, accusing the bloc's European members of "firmly following the path of reckless militarization" and Germany of "whipping up hysterical Russophobia across the European continent."

Last month, Russian Foreign Minister Sergey Lavrov accused Western European leaders of forgetting the lessons of history and "trying to prepare Europe for war – not some hybrid war, but a real war against Russia." Responding to Merz's call for Germany to once again become Europe's leading military power, Lavrov noted that the chancellor "didn't even choke on the word 'again'."

**RT**

# Arctic hit by record-breaking summer heat – researchers

NORDLAND August 11

The Arctic has experienced its hottest summer on record, with temperatures soaring well above average and sea ice dropping to dangerously low levels, according to new research published on the Arctic News blog. The extreme heat has worsened climate disruption, the study warned.

New findings from the National Snow and Ice Data Center (NSIDC) reveal temperatures in the region were 3C higher than the seasonal average in July 2025, leading to the second-lowest sea ice extent recorded. The rapid ice loss has raised alarm among scientists.

The World Meteorological Organization (WMO) has said the Arctic is warming more than twice as fast as the global average, contributing to significant shifts in regional climate dynamics. The warming trend is also affecting sea surface temperatures, particularly in the North Atlantic.

On August 5, 2025, sea surface temperatures in the North Atlantic reached 32.8C, with the Gulf Stream transporting this heat northward, further exacerbating ice loss in the Arctic. "This accumulated heat poses a major threat to sea ice and permafrost," experts warned.

In the Bering Strait, the temperature reached 20.3C during the same period. Increased heat from extreme weather events, such as heatwaves and thunderstorms, is pushing river temperatures higher and accelerating ice melt. These conditions, including rain on sea ice, are further contributing to its decline.

The ice loss is being driven by feedback loops such as the albedo effect, where reduced ice cover exposes more ocean water, absorbing heat and further raising temperatures. This destabilizes permafrost and intensifies extreme weather events. Scientists expect these processes to escalate in the coming years.

The freshwater influx from melting ice and rivers has temporarily slowed the melting, but this effect is expected to be short-lived. As ocean temperatures rise, the influence of freshwater on ice preservation is unlikely to prevent further rapid ice loss.

**RT**

■■ **From Page - 18**

Chief of Defence Services Commander-in-Chief (Army) Vice-Senior General and wife, union level dignitaries, Commission members and wives, senior military officers from the Office of the Commander-in-Chief and family members of the late Pro Tem President U Myint Swe paid tribute to the remains.

Afterward, the Chairman of State Security and Peace Commission and Commander-in-Chief of Defence Services and wife arrived at the Nyein Aye Zayat, where the remains of Pro Tem President U Myint Swe would be placed, and paid tribute to the remains.

The Senior General and wife then warmly consoled Daw Khin Thet Htay and family members of the late Pro Tem President.

The Senior General and wife and mourners received the Five Precepts from SSMNC Secretary Sayadaw and revered the religious sermons recited by the monks.

The wife and family members of the late Pro Tem President presented robes and other donations to the Sayadaws.

SSMNC Secretary Sayadaw delivered a sermon and the bereaved family and the Senior General and wife and attendees shared the merits gained.

The wife and family members of the late Pro Tem President paid tribute to the remains of U Myint Swe once more.

Eight Union Ministers conveyed the remains onto the artillery carrier to send it to the Tatmadaw Military Cemetery (Nay Pyi Taw). Meanwhile, the Guard of Honour saluted the remains and conducted other funeral conveyance procedures.

The artillery carrier conveying the remains of late Pro Tem President U Myint Swe and the convoy of the State funeral service left Nyein Aye Zayat of the Defence Services General Hospital of Nay Pyi Taw to the Tatmadaw Military Cemetery (Nay Pyi Taw), followed by the Senior General and his wife, the Vice-Senior General and his wife, Commission members and their wives, Daw Khin Thet Htay who is wife of late Pro Tem President U Myint Swe and family members, relatives, Union-level dignitaries, Union ministers and their wives, senior military officers from the Office of the Commander-in-Chief and their wives, departmental officials, guests and religious associations.

The artillery carrier carrying the remains of late Pro Tem President U Myint Swe and the convoy of the State funeral service rolled along Pobbathiri circular road from Nyein Aye Zayat of the Nay Pyi Taw DSGH to the Tatmadaw Military Cemetery (Nay Pyi Taw). Along the route, Tatmadaw members from Tatmadaw (Army, Navy and Air) and families, departmental personnel and people paid tribute and bowed in farewell as a mark of mourning.

When the convoy arrived at the Tatmadaw Military Cemetery (Nay Pyi Taw), the remains was conveyed to the ceremonial area with the military parade, followed by the wife of the late Pro Tem President and family members, the Senior General and his wife, the Vice-Senior General and his wife, Union-level dignitaries and their wives, senior military officers from the Office of the Commander-in-Chief and their wives, officials from relevant organizations and guests.

Eight Union Ministers conveyed the remains of Pro Tem President U Myint Swe onto the hearse platform.

The Senior General, the Vice-Senior General, Union-level dignitaries and senior military officers from the Office of the Commander-in-Chief took their positions, and the Tatmadaw Guard of Honour carried out the ceremonial procedures in accordance with the military parade protocol, presenting arms with lowered rifles in tribute and raised rifles in tribute.

The Chairman of the State

**See Page - 19** ■■



Members of the Sangha recite religious sermons.



The State Funeral of Pro Tem President U Myint Swe in progress.



People on both sides of the road pay tribute to the late Pro Tem President U Myint Swe.



A military diplomat paying tribute to the late Pro Tem President U Myint Swe.

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက လက်မှတ်ရေးထိုး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံရုံးမှပထမအတွင်းဝန် Mr. Nguyen Cong Son က လက်မှတ်ရေးထိုးစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Dr. Ahmed Abdallah Mahmoud Atiya Eltahlawy က လက်မှတ်ရေးထိုးစဉ်။

နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေသည် ဩဂုတ်လ ၇ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်ကို ရန်ကုန်မြို့ စကားဝါလမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဩဂုတ်လ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားရာ မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ဝမ်းနည်းကြောင်း လာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

ယနေ့တွင် မြန်မာနိုင်ငံဆိုင်ရာသံရုံးအကြီးအကဲများဖြစ်သည့် ဗီယက်နမ်နိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr. Nguyen Cong Son၊ အီဂျစ်နိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Dr. Ahmed Abdallah Mahmoud Atiya Eltahlawy နှင့် တောင်အာဖရိကနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးမြင့်ဌေးတို့က ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးသော သံတမန်များနှင့် ဂုဏ်ထူးဆောင် ကောင်စစ်ဝန်တို့ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

သံတမန်များနှင့် ဂုဏ်ထူးဆောင်ကောင်စစ်ဝန်တို့က ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့်ပြည်သူများ၊ ကျန်ရစ်သူမိသားစုသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားများပြောကြားခဲ့ပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

မြဝတီ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိကနိုင်ငံ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် ဦးမြင့်ဌေးက လက်မှတ်ရေးထိုးစဉ်။

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် လူငယ်ဖိုရမ်ကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် လူငယ်ဖိုရမ်ကို လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဆီသို့ ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)ခန်းမ၌ ကျင်းပသည်။




အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လူငယ်ရေးရာကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာအထောက်အကူပြု လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှတာဝန်ရှိသူများ၊ လူငယ် ၁၈ ဖွဲ့မှဥက္ကဋ္ဌများနှင့် လူငယ်ကိုယ်စားလှယ်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ လူငယ်ကိုယ်စားလှယ်များ၊ လေ့လာသူလူငယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အဖွင့်အမှာစကားပြောကြားသည်၊ ထို့နောက် ဝဏ္ဏကျော်ထင်ဒေါက်တာမောင်မောင်သိမ်းက Leadership ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောဆွေးနွေးသည်။ ဆက်လက်၍ "ဘက်စုံဖွံ့ဖြိုးတိုးတက်မှုပြည့်စုံလှပလူငယ်ဘဝ" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်သူများအသင်းဥက္ကဋ္ဌ ဦးသူရိန်အောင်က Moderator အဖြစ်ဆောင်ရွက်ပြီး Speaker များအဖြစ် ဒေါ်ပို့ပို့ကြည်၊ ကိုကို(စက်မှုတက္ကသိုလ်)၊ ဒေါ်မြသန္တာဦးတို့က ပါဝင်ဆွေးနွေးကြသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဟောပြောဆွေးနွေးကြသည့်ပညာရှင်များအား ဂုဏ်ပြုတံဆိပ်နှင့်အမှတ်တရလက်ဆောင်ပေးအပ်ပြီး လူငယ်ဖိုရမ်တွင်ပါဝင်ဆွေးနွေးကြသည့်လူငယ်များအား လိုက်လံကြည့်ရှုအားပေးသည်။ ဆက်လက်၍ ဆရာကြီး ဦးတင်စံကျော်က "ယနေ့လူငယ် နောင်ဝယ်လူကြီး" ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးသည်။

ယင်းနောက် လူငယ်များက "၂၀၃၀ ပြည့်နှစ် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးမှုအစီအစဉ်အဖြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်(၁၇)ခု" ပါ ပန်းတိုင်များအား အုပ်စုငါးစုခွဲ၍ "လူငယ်များပါဝင်သည့် တိုးတက်ခိုင်မာအားကောင်းသော လူမှုအသိုက်အဝန်းဖော်ဆောင်ရေး"၊ "ပညာပြည့်ဝကျန်းမာမှ လူငယ်ဘဝလှပမည်"၊ "စက်မှု စီးပွား၊ နည်းပညာနှင့် လူငယ်များ၏အနာဂတ်"၊ "တရားမျှတသောအခွင့်အလမ်းများဖြင့် တည်တံ့သောငြိမ်းချမ်းရေးတည်ဆောက်မည့် တို့လူငယ်"၊ "သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီသော မြို့ပြနှင့်ကျေးလက်လူငယ်များ၏ လူမှုအသိုက်အဝန်း" စသည့်ခေါင်းစဉ်များကို အုပ်စုတစ်စုလျှင် လူငယ် ၄၂ ဦး ပါဝင်ဆွေးနွေးကြပြီး အုပ်စုအလိုက်ဆွေးနွေးခြင်းများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဝန်းရံခ

## ၁၁-၈-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၀၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

# တရုတ်က DF-100 ဒုံးကျည်စနစ်၏ရှားပါးလှုပ်ရှားမှုပုံစံကို မှတ်တမ်းဗီဒီယိုတွင် ထုတ်ဖော်ပြသ



**ပေကျင်း၊ ပြည်တွင်းရေး**

တရုတ်နိုင်ငံက အဆင့်မြင့်ဒုံးကျည်စနစ်တစ်ခုဖြစ်သည့် DF-100 ၏ရှားပါးလှုပ်ရှားမှုပုံစံကို နိုင်ငံပိုင်သတင်းဌာနများ၏ မှတ်တမ်းဗီဒီယိုတွင် ထည့်သွင်းဖော်ပြကြောင်း သိရသည်။ တရုတ်နိုင်ငံသည် ထိုဒုံးကျည်ကို ၂၀၁၉ ခုနှစ်တွင် စတင်ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သော်လည်း ယင်းဒုံးကျည်စနစ်၏လှုပ်ရှားမှုပုံစံအစစ်ကို ယခုမှသာပြသခြင်းဖြစ်သည်။

တရုတ်နိုင်ငံပိုင်သတင်းဌာနများသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အမည်ရှိ မှတ်တမ်းဗီဒီယို၏နောက်ဆုံးအပိုင်းတွင် အဆိုပါဒုံးကျည်စနစ်၏ လှုပ်ရှားမှုပုံစံကို နှစ်မိနစ်ကြာပြသခဲ့ခြင်းဖြစ်သည်။

DF-100 ဖြင့်ပစ်ခတ်မည့်ပစ်မှတ်များသည် လှုပ်ရှားပစ်မှတ်များဖြစ်ကြောင်း၊ ထို့ကြောင့် DF-100 သည်လည်း လှုပ်ရှားတိုက်ခိုက်ရေးစနစ်ဖြစ်ကြောင်းနှင့် ယင်းဒုံးကျည်ကို အသင့်ပြင်ဆင်ထားသည်မှာ ကြာမြင့်နေပြီဖြစ်ကြောင်း ဒုံးတပ်မတစ်ခုမှ ဒုတိယတပ်မမှူးဖြစ်သည့် ဒုတိယဗိုလ်မှူးကြီး ကျန်းဂို့တောင်ကပြောသည်။

ထို့ပြင် DF-100 ဒုံးကျည်စနစ်သည် သဘော်ဖျက်အနိမ့်ပျံဒုံးကျည်စနစ်ဖြစ်ပြီး အသံထက်လေးဆမြန်သော အမြန်နှုန်းဖြင့် ကီလိုမီတာ ၃၀၀၀ မှ ၄၀၀၀ ကြားအထိ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ပစ်မှတ်ကိုထိမှန်နိုင်သည့်အချိန်မှာ ပစ်လွှတ်ပြီးမိနစ် ၄၀ ခန့်အကြာတွင်ဖြစ်ကြောင်းနှင့် ပြင်းထန်လွန်းသောထိုးဖောက်နိုင်စွမ်း၊ တိကျစွာထိမှန်နိုင်စွမ်း၊ လျင်မြန်စွာတုံ့ပြန်နိုင်စွမ်းတို့ကိုလည်းပိုင်ဆိုင်ထားကြောင်း ဒုံးကျည်စနစ်၏အချက်အလက်များအရသိရသည်။

Ref: SCMP

# ရေကြီး၊ မြေပြိုမှုများကြောင့် နိုင်ငံအနောက်တောင်ပိုင်းရှိ ပြည်သူသန်းပေါင်းများစွာ နေရာရွှေ့ပြောင်းရန် ဂျပန်တိုက်တွန်း

**တိုကျို၊ သဘာဝဘေး**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခြင်းကြောင့် ပြည်သူသန်းပေါင်းများစွာကို ဘေးကင်းရာနေရာသို့ရွှေ့ပြောင်းနေထိုင်ရန် ဂျပန်အစိုးရက ဩဂုတ်လ ၁၁ ရက်တွင် တိုက်တွန်းထားသည်။



ကူမာမိုတိုစီရင်စုရှိ သဘာဝဘေးကို ဆိုးရွားစွာရင်ဆိုင်ရသော တာမာနာမြို့၌ နံနက်အစောပိုင်းခြောက်နာရီအတွင်းမှာပင် ရွာသွန်းသောမိုးရေချိန်သည် ၃၇ စင်တီမီတာအထိရှိကြောင်း၊ လက်ရှိအခြေအနေသည် အသက်ဘေးစိုးရိမ်ရသည့်အခြေအနေဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် ဘေးကင်းရာသို့ရွှေ့ပြောင်းရန်တိုက်တွန်းကြောင်း မိုးလေဝသဌာနကထုတ်ပြန်ထားသည်။

အဆိုပါသဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးသူများရှိသည့်အပြင် ပျောက်ဆုံးသူအရေအတွက်မှာလည်း မြောက်မြားစွာရှိကြောင်း တာဝန်ရှိသူများကထုတ်ပြန်ထားသည်။

Ref: AGC

# အစ္စရေး၏တိုက်ခိုက်မှုကြောင့် သတင်းထောက်ငါးဦးသေဆုံးဟုဆို

**ဒိုဟာ၊ စစ်ရေး**

အစ္စရေးစစ်ဘက်က ဂါဇာမြို့အတွင်းရှိ ဆေးရုံအနီး၌စခန်းချလျက်ရှိသော သတင်းထောက်များ၏တဲကို ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် ကာတာနိုင်ငံမှသတင်းဌာနတစ်ခုဖြစ်သည့် အယ်ဂျားဇီးရားသတင်းဌာနမှ သတင်းထောက်ငါးဦးသေဆုံးသွားကြောင်း ထိုသတင်းဌာနကထုတ်ပြန်ထားသည်။

ထို့အတူ အစ္စရေးစစ်ဘက်သည် ဟားမက်အဖွဲ့အတွက်အလုပ်လုပ်ပေးနေသော အယ်ဂျားဇီးရားသတင်းထောက် အာနက် အယ်ရှာရစ်ကို တိုက်ခိုက်မှုလုပ်လိုက်ပြီဖြစ်ကြောင်း အစောပိုင်းတွင်ထုတ်ပြန်ထားသည်။

သို့သော် ထိုသတင်းထောက်များသည် ဟားမက်အဖွဲ့အတွက် အလုပ်လုပ်နေခြင်းမဟုတ်ကြောင်း၊ အစ္စရေးက အကြောင်းပြချက်ပေးခြင်းသာဖြစ်ကြောင်း အယ်ဂျားဇီးရားသတင်းဌာနက ဖော်ပြထားသည်။

Ref: Sputnik

## သတင်းတိုကဏ္ဍ

### အမေရိကန်က ယူကရိန်းကိုထောက်ပံ့ပေးနေမှု ရပ်တန့်လိုက်ပြီဟု ဂျေဒီဗန့်ပြော

အမေရိကန်အစိုးရအနေဖြင့် ယူကရိန်းကိုထောက်ပံ့ပေးနေမှု ရပ်တန့်လိုက်ပြီဖြစ်ကြောင်း အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗန့်က ဩဂုတ်လ ၁၀ ရက်တွင်ပြောသည်ဟု Fox News သတင်းဌာနက ဖော်ပြထားသည်။

အကယ်၍ ယူကရိန်းကိုထောက်ပံ့ပေးနေသည့် အနောက်အုပ်စုမှနိုင်ငံများအနေဖြင့် ထိုနိုင်ငံကိုဆက်လက်ထောက်ပံ့ပေးလိုပါက အမေရိကန်နိုင်ငံမှ စစ်လက်နက်များကိုဝယ်ယူ၍ ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း ဂျေဒီဗန့်ကဆက်ပြောသည်။

အမေရိကန်ဒုတိယသမ္မတက ဥရောပဒေသနှင့် ယူကရိန်းနိုင်ငံတို့မှ တာဝန်ရှိသူများနှင့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌တွေ့ဆုံဆွေးနွေးပြီးနောက် မီဒီယာနှင့်တွေ့ဆုံပွဲတွင် ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံအနေဖြင့် ယူကရိန်းကိုထောက်ပံ့ပေးနေသည်မှာ အလွန်များပြားနေပြီဖြစ်ကြောင်း၊ ဥရောပနိုင်ငံများအနေဖြင့် ယူကရိန်းအရေးကိုအလွန်ဂရုစိုက်သည်ဆိုပါက ယင်းနိုင်ငံကိုထောက်ပံ့ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်သင့်ကြောင်း ၎င်းကပြောထားသည်။ Ref: RT

### ဩစတြေးလျက စက်တင်ဘာလတွင် ပါလက်စတိုင်းနိုင်ငံကို အသိအမှတ်ပြုမည်ဟုဆို

ဩစတြေးလျနိုင်ငံသည် လာမည့်စက်တင်ဘာလတွင်ကျင်းပမည့်ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပါလက်စတိုင်းနိုင်ငံကို တရားဝင်အသိအမှတ်ပြုသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်အန်တိုနီအယ်ဘာနိက ဩဂုတ်လ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အရှေ့အလယ်ပိုင်းဒေသအတွင်း ပဋိပက္ခသံသရာလည်နေမှုကိုချိုးဖျက်နိုင်ရန် အကောင်းဆုံးနည်းလမ်းမှာ နှစ်နိုင်ငံကို အသိအမှတ်ပြုသည့်နည်းလမ်းသာဖြစ်ကြောင်း၊ ထိုနည်းလမ်းက ပဋိပက္ခများကိုအဆုံးသတ်စေမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က လွှတ်တော်၏သတင်းစာရှင်းလင်းပွဲ၌ပြောခြင်းဖြစ်သည်။

ဗြိတိန်၊ ပြင်သစ်၊ နယူးဇီလန်နှင့် ဂျပန်နိုင်ငံတို့မှခေါင်းဆောင်များအပြင် အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟု၊ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်တို့နှင့် ဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် ယခုကဲ့သို့ဆုံးဖြတ်ချက်ကိုချလိုက်ရခြင်းဖြစ်သည်ဟု ဩစတြေးလျဝန်ကြီးချုပ်က ပြောထားသည်။

Ref: Xinhua

### ဆင်တုပ်ကွေးရောဂါဖြစ်ပွားမှု ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ရန် ဗီယက်နမ်တိုက်တွန်း

ခြင်ကိုက်ခြင်းမှတစ်ဆင့် ကူးစက်နိုင်သော ချီကန်ဂန်ညာဗိုင်းရပ်ကြောင့် ဆင်တုပ်ကွေးရောဂါဖြစ်ပွားမှု ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ရန် ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ်လ ၁၁ ရက်တွင် တိုက်တွန်းထားသည်။

ထို့ပြင် ဆင်တုပ်ကွေးရောဂါဖြစ်ပွားနေသည့်နိုင်ငံများမှပြန်လာသူများအနေဖြင့် ကျန်းမာရေးအခြေအနေကို ၁၂ ရက်ကြာစောင့်ကြည့်ရန် ဝန်ကြီးဌာနကတိုက်တွန်းထားသည်ဟု VnExpress သတင်းဌာနက ဖော်ပြထားသည်။ အဆိုပါရောဂါကူးစက်မှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပျံ့နှံ့နေစဉ် ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ယခုကဲ့သို့သတိပေးချက်ထုတ်ပြန်လာခြင်းဖြစ်သည်။

ဖျားခြင်း၊ အဆစ်များကိုက်ခဲခြင်း၊ အဖုအပိမ့်ထခြင်း စသည့်ရောဂါလက္ခဏာများ ကြုံတွေ့ရသူများအနေဖြင့် ကျန်းမာရေးဌာနများသို့သွား၍ကုသမှုခံယူရန် ဝန်ကြီးဌာနကတိုက်တွန်းထားသည်။ Ref: Xinhua

### နိုင်ဂျီးရီးယားက အမေရိကန်မှပြန်လွှတ်လိုက်သော ဒုက္ခသည်များကို လက်ခံမည်မဟုတ်ဟုထုတ်ပြန်

နိုင်ဂျီးရီးယားနိုင်ငံသည် အမေရိကန်မှပြန်လွှတ်လိုက်သော ဒုက္ခသည်များကို လက်ခံသွားမည်မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်ဟု The Punch သတင်းစာက ဖော်ပြထားသည်။ နိုင်ဂျီးရီးယားနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသည် အမေရိကန်နှင့် သဘောတူညီချက်ယူကာ ထိုဒုက္ခသည်များကိုလက်ခံနေသော်လည်း နိုင်ဂျီးရီးယားက ယခုကဲ့သို့ငြင်းဆိုလိုက်ခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားနိုင်ငံသည် ယခင်ကတည်းကပင် ပြည်တွင်းရေးပြဿနာများစွာနှင့် ရင်ဆိုင်နေရသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပမှနောက်ထပ်ပေးမည့် ဝန်ထုပ်ဝန်ပိုးများကို လက်ခံလိုမှုမရှိခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူကပြောထားသည်။

ထို့ပြင် နိုင်ဂျီးရီးယားနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏အမျိုးသားလုံခြုံရေးကို ထည့်တွက်ကာ ဆုံးဖြတ်ချက်များကိုချရခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်ဟုသိရသည်။ Ref: RT

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ေ့ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ေ့ပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၁၁

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏အဖွင့်ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှပြိုင်ပွဲဝင်အသင်း ၈ သင်းဖြင့် ဩဂုတ်လ ၁၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°C | / | ၃၃°C |
| ရန်ကုန် | ၂၅°C | / | ၃၂°C |
| မန္တလေး | ၂၇°C | / | ၃၇°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ | အဖိုးတန်ရေချိုကို ချွေတာကြပါစို့


# မုံရွာမြို့နှင့် မိတ္ထီလာမြို့တို့ရှိ တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှုများ၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦး၏ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှုများ၊ ဆေးဝါးကုသပေးထားမှုနှင့်ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နောင်ချိုမြို့နယ်ရှိ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း ၁၁ ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သဖြင့် နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၅၃ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသား၊



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ကျောင်းသူ ၁၃၁၀ ဦး ထပ်မံ၍ကျောင်းအပ်နှံသဖြင့် စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၆၈၆၁ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ကာ ဩဂုတ်လ ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၇၉ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူ ၉၉ ဦးကို သွေးအမျိုးအစားစစ်ဆေးပေး၍ ၅ ဦးကို ငှက်ဖျားပိုးစစ်ဆေးပေးခြင်းများဆောင်ရွက်ပေးသည်။ ၎င်းအပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၂၈ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များကလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)




၂၀၂၅ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထု တစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# ရန်ကုန်တိုင်းဒေသကြီး ကန်တော်ကြီးရေပြင်တွင် ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြသခြင်း အခမ်းအနားကျင်းပ



**ရန်ကုန် ဩဂုတ် ၁၁**

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ရေပြင်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြသခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက်ရှိ ကန်တော်ကြီး သဘာဝရေကန်၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မီးသတ်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပရဟိတလူမှုကူညီရေး အသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအဆင့် ရှာဖွေကယ်ဆယ်ရေး တပ်ခွဲ(၁)ခွဲ အင်အား ၁၆၆ ဦး၊ တိုင်းဒေသကြီးအထူးရှာဖွေကယ်ဆယ်ရေး (Light Team) အဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပရဟိတ လူမှုကူညီရေးအသင်းအဖွဲ့ဝင်များက စက်စွမ်းအားပြည့်မောင်းနှင်ခြင်း၊ Fire Boat ဖြင့် ရေပြင်မီးငြိမ်းသတ်ရေးသရုပ်ပြသခြင်း၊ Intelligent Lifebouy ဖြင့် ရေနစ်သူများအားကယ်ဆယ်ခြင်း၊ Dive Suit ဖြင့် ရေငုပ်၍ ကယ်ဆယ်သရုပ်ပြသခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ၂၀၂၅ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝယ်ယူဖြည့်တင်းပေးထားသည့် မီးငြိမ်းသတ်ရေးအသုံးပြုနိုင်သော မောင်းသူမဲ့ အဝေးထိန်းမီးသတ်ယာဉ်ဖြစ်သော LUF NANO သုံးစီးဖြင့် မီးငြိမ်းသတ်သရုပ်ပြပြီး နှစ်စဉ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝယ်ယူဖြည့်တင်းပေးထားသည့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ခင်းကျင်းပြသထားမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို (ပြန်/ဆက်)

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် T & Z Finance Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Shwe Thway Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD SONG L အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် BYD SEALION 07 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ



# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အဆင့်မြင့်ပညာနှင့် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ်/Fitness Dance ပြိုင်ပွဲ လှိုင်ကော်၌ကျင်းပ

**လှိုင်ကော် ဩဂုတ် ၁၁**

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် ကယားပြည်နယ်ဝန်ကြီးချုပ်ဖလား အဆင့်မြင့်ပညာ/အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ်/ Fitness Dance ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက လှိုင်ကော်မြို့ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားရုံ အမှတ်(၃)၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ၊ ကျောင်းသား၊ကျောင်းသူများနှင့်အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့က ဂုဏ်ပြုသီချင်းဖြင့် တီးမှုတ်ဖျော်ဖြေမှုကိုကြည့်ရှုအားပေးကာ လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပရိသတ်များက အေရိုးဗစ် သုံးဦးတွဲ လေ့ကျင့်ခန်းသရုပ်ပြမှုနှင့် အဆင့်မြင့်ပညာ/ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု အေရိုးဗစ်/Fitness Dance ပြိုင်ပွဲ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ယခုပြိုင်ပွဲတွင်အခြေခံပညာနှင့်အဆင့်မြင့်ပညာကျောင်းများမှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဩဂုတ်လ ၁၂ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ ဒေါတမရပ်ကွက်နေပြည်သူများသို့ MEVM အသိပညာပေးခြင်းနှင့် စမ်းသပ်ဆန္ဒမဲပေးခြင်းကို ဒေါတမရပ်ကွက် တောင်တန်းသာသနာပြုဗဟိုတပ်ဦးကျောင်း ဓမ္မာရုံ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ပြည်နယ်ရွေးကောက်ပွဲအရာရှိက မြန်မာအီလက်ထရောနစ်မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စမ်းသပ်မဲဆန္ဒပေးရန် ကူညီဆောင်ရွက်ပေးနေမှုနှင့် ရပ်ကွက်နေပြည်သူများ စိတ်ပါဝင်စားစွာလက်တွေ့ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ယနေ့ မဲပေးစက် စမ်းသပ်မဲပေးခြင်းနှင့် အသိပညာပေးခြင်းကို ဒေါတမရပ်ကွက်နေပြည်သူ ၃၀၀ ခန့်က ဆောင်ရွက်ခဲ့ပြီး ပြည်နယ်အတွင်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်စောတင့်**

# ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေး



ပဲခူး ဩဂုတ် ၁၁

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ယခုနှစ်သည် မိုးဦးကောင်းပြီး အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် မိုးသီးနှံများထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်ကုစားနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်နှင့် မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှုလျော့နည်းမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေကြီးရေနက်ကွင်းများနှင့် ရေကျနောက်စိုက်ဧရိယာများတွင် ရေဖောက်ထုတ်၍ အချိန်မီစိုက်ပျိုးနိုင်ပါက သီးထပ်စွမ်းအားတိုးတက်လာမည်ဖြစ်သည့်အပြင် ရေတော်မိုးတော်ကောများ တိုးတက်လာမည်ဖြစ်၍ ရေဖောက်ထုတ်ရမည့် လုပ်ငန်းစီမံချက်တင်ပြပေးရမည်ဖြစ်ကြောင်း၊ စက်မှုလယ်ယာသို့ပြောင်းလဲနိုင်ရေးအတွက် တောင်သူတစ်ပိုင်တစ်နိုင် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်း ထုတ်လုပ်ပေးလျက်ရှိသည့် မျိုးစေ့ချကိရိယာ၊ စက်ပါလက်ဆွဲကောက်စိုက်စက်၊ စက်မပါလက်ဆွဲကောက်စိုက်စက်၊ လူလိုက်ပါစီးနင်းနိုင်သည့် ကောက်စိုက်စက်များအပြင် ကြိုစိုက်စက်၊ နှမ်းပေါင်းကြီးတင်အစေ့ချစက်နှင့် ဘက်စုံသုံးမျိုးစေ့ချစက်များအား ဖြန့်ဝေပေးထားပြီးဖြစ်ကာ အကျိုးရှိရှိသုံးစွဲသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက မြို့နယ်အလိုက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အချက်အလက်များအား Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့ကြရာ တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အစိုးရအဖွဲ့အတွင်းရေးမှူးတို့က သက်ဆိုင်ရာဦးစီးဌာနအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME ကဏ္ဍ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် စားရေရိက္ခာဖူလုံစေရေးနှင့်ဒေသဖွံ့ဖြိုးရေးကဏ္ဍများအပေါ် အသေးစိတ်ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

(၅၀၁)၊ တင်စိုး(ပဲခူး)

# ရေချို၊ ရေငန်ပုစွန် ဝယ်လိုအားများပြား၊ ပုစွန်ကျားကို ပြည်ပဈေးကွက်တင်ပို့ကာ ဖော့ချိတ်ပုစွန်ကို ပြည်တွင်းဈေးကွက်၌ရောင်းချ



ရန်ကုန် ဩဂုတ် ၁၁

ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ဖောက်ကားလျက်ရှိသည့် ရန်ကုန်မြို့ရှိ ဈေးကွက်များသို့ ရေငန်ပုစွန်နှင့် ရေချိုပုစွန်များ ဝင်ရောက်သော်လည်း ဝယ်လိုအားများနေသဖြင့် ဈေးနှုန်းအမြင့်တွင်ရပ်တည်လျက်ရှိကြောင်း သိရသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ငါးဖမ်းရာသီတစ်လကျော်အတွင်း အပြည့်အဝဖမ်းဆီးမှုမရှိခြင်း၊ ရေချိုမွေးကန်များတည်ရှိရာ တွံတေး၊ ညောင်တုန်း ဘောလယ်ကျွန်း၊ ခတ္တိယနှင့်ပဲခူးတိုင်းဒေသကြီးတို့ရှိ ကန်များရေကြီးမှုကြုံခဲ့ရသဖြင့် ယခုနှစ်တွင် မွေးမြူမှုရပ်နားထားခြင်းနှင့် ကောင်ရေပမာဏ လျော့နည်းမွေးမြူထားခြင်းတို့ကြောင့် ဈေးကွက်အတွင်း ရောင်းလိုအားထက် ဝယ်လိုအားများလျက်ရှိရာ မိုးရာသီ၌ ပုစွန်ဈေးနှုန်းသည် အမြင့်ပိုင်းတွင် ဆက်လက်ရပ်တည်နေခြင်းဖြစ်သည်။

“ပင်လယ်ပုစွန်ဖြစ်တဲ့တိုက်ဂါး၊ ဖလားဝါး၊ ဂွိုက်နဲ့ တရုတ်ကိုပို့တဲ့ရွှေပုစွန်တွေဝင်တယ်။ ပင်လယ်ပြင်ရာသီဥတုပေါ်မူတည်ပြီး စက်လှေများများဝင်ရင်ဈေးကွက်ထဲကို များများဖြန့်နိုင်ပါတယ်။ ပင်လယ်ပုစွန်ဈေးကောင်းတာက ပြည်ပပို့ကုန်များလို့ပါ။ ဈေးနှုန်းသက်သာဖို့ဆိုရင် ရေချို ရေငန်ပုစွန် များများ မွေးမြူထုတ်လုပ်ဖို့လိုပါတယ်။ လက်ရှိမှာ ပုစွန်ဈေးအမြင့်ဈေးမှာရှိနေတယ်လို့ ပြောရမှာပါ”ဟု ကြည့်မြင်တိုင်စံပြငါးဈေးမှ ဒေါ်တင်နွဲ့ကပြောသည်။

ရေငန်ပုစွန်ဖြစ်သည့် တိုက်ဂါး တစ်ပိဿာလျှင်ငွေကျပ် ၄၅၀၀၀ မှ ၅၅၀၀၀၊ ဖလားဝါးနှင့် ဂွိုက်တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၀ မှ ၄၅၀၀၀ နှင့် ရွှေပုစွန်တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀၀ ဖြင့် ဒိုင်ဈေးရောင်းချလျက်ရှိပြီး ရေချိုပုစွန်ဖြစ်သော ဖော့ချိတ်တစ်ပိဿာလျှင်ငွေကျပ် ၃၅၀၀၀ နှင့် ပုစွန်ကျားတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀၀ ဖြင့် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည်။

ရန်ကုန်မြို့သို့ဝင်ရောက်လာသည့်ရေငန်ပုစွန်များကို ပြည်ပပို့ကုန်အဖြစ် အအေးခန်းစက်ရုံများသို့တင်ပို့၍ ရေချိုပုစွန်ဖြစ်သည့် ပုစွန်ကျားကို ပြည်ပဈေးကွက်တင်ပို့ကာ ဖော့ချိတ်ပုစွန်ကို ပြည်တွင်းဈေးကွက်၌ ရောင်းချလေ့ရှိသည်။

ပင်လယ်ပြင်ဖမ်းဆီးခြင်းနှင့် မွေးမြူထုတ်လုပ်မှုကိုပုံမှန်လုပ်ဆောင်ခြင်းသည်ငါး၊ ပုစွန်ဈေးကွက်ကို တည်ငြိမ်စေပြီး ဝယ်လိုအားနှင့်ရောင်းလိုအား ညီမျှမှုကိုရရှိစေမည်ဖြစ်ကြောင်း ရေထွက်ကုန်လုပ်ငန်းရှင်များက သုံးသပ်ကြသည်။

ခတ်ပုံ(ဇွဲမာန်)၊ သစ္စာ(MNA)

# ၂၀၂၅ ခုနှစ် ဩဂုတ်လ ဒုတိယ (၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၁၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၉ ဒီဂရီဖာရင်ဟိုက်မှ ၇၈ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၆ ဒီဂရီဖာရင်ဟိုက်မှ ၈၈ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၉ ဒီဂရီဖာရင်ဟိုက်မှ ၉၉ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၈ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၇၇ ရာခိုင်နှုန်းမှ ၈၇ ရာခိုင်နှုန်းအတွင်းနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၈ ရာခိုင်နှုန်းမှ ၉၈ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၁၅ မီလီမီတာမှ ၂၅ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၂၆ မီလီမီတာမှ ၃၅ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၃၆ မီလီမီတာမှ ၄၅ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် (ခြောက်သွေ့)အခြေအနေ၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိနိုင်သည်။ (မိုး/၈လ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ၇-၈-၂၀၂၅ ရက်နေ့က ကွယ်လွန်သွားခဲ့ပြီး ၁၁-၈-၂၀၂၅ ရက်နေ့တွင်ကျင်းပသည့် နိုင်ငံတော်စျာပနအခမ်းအနားသို့ လိုက်ပါပို့ဆောင်ပေးကြပါသော နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတတာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အငြိမ်းစားအရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့စဉ်က လုပ်ဖော်ကိုင်ဖက်များ၊ စစ်တက္ကသိုလ် အမှတ်စဉ်(၁၅)ကျောင်းဆင်းသူငယ်ချင်းများနှင့်မိသားစုများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှသံအမတ်ကြီးများနှင့် စစ်သံမှူးများ၊ နိုင်ငံရေးပါတီများနှင့် အသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ လိုက်ပါပို့ဆောင်ကြသောရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ လမ်းတစ်လျှောက်ဂါရဝပြုပို့ဆောင်ကြသည့် တပ်မတော်သားများ၊ နိုင်ငံတော်အဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများအား အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

ထို့အပြင် မကျန်းမာစဉ်က ဝိုင်းဝန်းသတင်းမေးမြန်းကြသူများနှင့် ဆေးရုံတက်ရောက်စဉ် လိုအပ်သည့်အကူအညီများနှင့် ပြုစုကုသစောင့်ရှောက်ပေးကြပါသော နိုင်ငံတော်အကြီးအကဲနှင့်တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးနှင့် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၁၀၀၀)မှ တပ်မှူးနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ စျာပနအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြသော စျာပနအခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှပုဂ္ဂိုလ်များအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း၊ မကျန်းမာစဉ်မှ ကွယ်လွန်ပြီး စျာပနအခမ်းအနားအောင်မြင်စွာပြီးစီးသည်အထိ စိတ်ရောကိုယ်ပါကူညီဆောင်ရွက်ပေးကြသူများအားလုံးကိုလည်းကောင်း ကျန်ရစ်သူမိသားစုမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

**ယာယီသမ္မတ ဦးမြင့်ဆွေ**

**အသက်(၇၅)နှစ်**

